# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉၀)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁၃ ရက် ၊ ၂၈–၂–၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာအဆင့်မြင့်ဈေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ဖွင့်ပွဲအခမ်းအနားကျင်းပ

## ဈေးသစ်ကြီးတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ်ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ စနေနေ့။

မန္တလေး

## ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန် မြန်မာနိုင်ငံ၏ အဓိကခရီးသွားဈေးကွက်ဝင်နိုင်ငံများနှင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး ကောင်းမွန်သောနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Tourist Visa on Arrival များ ခွင့်ပြုပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးအား ယခင်ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် ခရီးသွားလုပ်ငန်း ကော်မတီအစည်းအဝေးတို့မှ လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို သုံးသပ်ညှိနှိုင်းဆွေးနွေးရန်ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးဖော်ထုတ်ကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတို့၏လမ်းညွှန်မှု၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းမှာ ၂၀၂၆ ခုနှစ်တွင် ၂၀၂၅ ခုနှစ်ထက်တိုးတက်လာမည်ဟု ခန့်မှန်းထားရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ရရှိစေရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဖေဖော်ဝါရီ ၂၅ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သည့် ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်သည့်နေရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်မှုများမှာလည်း အရေးကြီးပါကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၊ အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲအစရှိသော ဒေသတွင်းခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ အာဆီယံစင်တာများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် စဉ်ဆက်မပြတ်တက်ကြွစွာ လိုက်ပါဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့၌ ကျင်းပပြုလုပ်ခဲ့သော အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုပေးပွဲတွင် မြန်မာနိုင်ငံမှ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆု(၂၄)ဆုရရှိခဲ့မှုသည် အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းဖြစ်ပါကြောင်း၊ အာဆီယံအဆင့်ပေးအပ်သောဆုများကို ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့်ဝန်ဆောင်မှုအရည်အသွေးများ အဆင့်အတန်း မြင့်မားလာရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆နှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၆ ခုနှစ်အတွင်း အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သွားရန် စီစဉ်ထားရှိပါကြောင်း ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် နှစ်နိုင်ငံခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များအပြင် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူးချုပ် (တွဲဖက်အတွင်းရေးမှူး) ဦးဇော်မြင့်ဦးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၇ - ၂ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## ဝက်၊ ဆိတ်၊ အမဲ၊ အသားအသုံးချခွင့်လုပ်ငန်းနှင့် အခြားအခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ငန်းများ ပထမအကြိမ် လေလံအခမ်းအနား ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဝက်၊ ဆိတ်၊ အမဲ၊ အသားအသုံးချခွင့်လုပ်ငန်းနှင့် အခြားအခွင့်အရေး အရပ်ရပ်ဆိုင်ရာလေလံလုပ်ငန်းများ ပထမအကြိမ်အိတ်ပိတ်လေလံဆောင်ရွက်ခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲ ၃ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ လေလံကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဌာနမှူးက လေလံစည်းကမ်းချက်များနှင့် ပတ်သက်၍ဆွေးနွေးခဲ့သည်။

ထို့နောက်လေလံလုပ်ကိုင်ခွင့် လျှောက်ထားသူများက လေလံစည်းကမ်းချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များကို တင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ပြီး ဝက်၊ ဆိတ်၊ အမဲ၊ အသားအသုံးချခွင့်လုပ်ငန်းများနှင့် အခြားအခွင့်အရေးဆိုင်ရာ လုပ်ငန်းများအတွက် ပထမအကြိမ် လေလံအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် သက်ဆိုင်ရာ လုပ်ငန်းအလိုက် သတ်မှတ်ထားသော လေလံစည်းကမ်းချက်များနှင့် လုပ်ကိုင်လိုသူများကို အသုံးချခွင့်များကို ပေးအပ်ခဲ့သည်။



အဆိုပါ အခမ်းအနားသို့ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ အခွန်ဌာန ဌာနမှူး ဦးတင်ထွန်းဦး၊ သက်ဆိုင်ရာဌာနများရှိ တာဝန်ရှိသူများနှင့် လေလံလုပ်ကိုင်ခွင့်လျှောက်ထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၃၃ လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေနှင့် မတ် ၂ ရက်တောင်သူလယ်သမားနေ့ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် ကုမ္ပဏီများမှတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေးသို့ ရောက်ရှိကြရာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် ပညာရေးဒီဂရီကောလိပ် (မန္တလေး)တို့မှ ကျောင်းသူလေးများက "ပန်းကမ္ဘာမျှော်စင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြိုဆိုကြသည်။

ထို့နောက် သုမင်္ဂလာအဆင့်မြင့်ဈေး အဆောက်အအုံအသစ်အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် သုမင်္ဂလာအဆင့်မြင့်ဈေးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာအဆင့်မြင့်ဈေး ကလေးကစားကွင်းအတွင်း ကလေးငယ်များ ဆော့ကစားလျက်ရှိမှုအခြေအနေကို ကြည့်ရှုစဉ်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)နှင့် ပညာရေးဒီဂရီကောလိပ်(မန္တလေး)တို့မှကျောင်းသူလေးများက "လှပဝေဆာ သုမင်္ဂလာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမွေးနံ့သာရည်များ ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး ကမ္ပည်းမော်ကွန်းအား အမွေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာအဆင့်မြင့်ဈေးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် သုမင်္ဂလာ အဆင့်မြင့်ဈေးအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိမှုအခြေအနေ၊ ကလေးကစားကွင်းအတွင်း ကလေးငယ်များ ဆော့ကစားလျက်ရှိမှုအခြေအနေနှင့် ရုပ်ရှင်ရုံတို့အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဈေးဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သုမင်္ဂလာ အဆင့်မြင့်ဈေး အဆောက်အအုံသစ်၏ သမိုင်းကြောင်းနှင့် အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က သုမင်္ဂလာ အဆင့်မြင့်ဈေး အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "လှပဝေဆာ သုမင်္ဂလာ" ဂုဏ်ပြုတေးသီချင်းအား ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ သုမင်္ဂလာအဆင့်မြင့်ဈေး တည်ဆောက်ပြီးစီးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း တို့က သုမင်္ဂလာအဆင့်မြင့်ဈေးအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါ ပြင်ဦးလွင်မြို့ သုမင်္ဂလာ အဆင့်မြင့်ဈေးအား ပြင်ဦးလွင်မြို့၏ လူနေထူထပ်မှုများပြားလာမှု၊ အပန်းဖြေခရီးသွားလာမှုများပြားလာမှုနှင့် ကိုက်ညီသည့် အဆင့်မြင့်ဈေးသစ်ကြီး ဖြစ်ပေါ်လာစေရန်၊ ခေတ်စနစ်နှင့်အညီ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိသည့် RC အဆင့်မြင့် ဈေးသစ်ကြီး ဖြစ်ပေါ်လာစေရန်၊ ဒေသထွက်ကုန် အခြေခံကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်းရောင်းဝယ်ဖောက်ကားရရှိလာစေရန်၊ တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဈေးသစ်ကြီးသည် RC အမျိုးအစား ခြောက်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန်အတွက် စက်လှေကား ၁၂ စင်း၊ ဓာတ်လှေကား ခြောက်စင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ဓာတ်အားပေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးအန္တရာယ်ကာကွယ်မှုစနစ်နှင့် သဘာဝဘေးဒဏ်ခံနိုင်မှုစနစ်များကို စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ သုမင်္ဂလာ အဆင့်မြင့်ဈေးကြီးအတွင်း Branded ဆိုင်များ၊ Promotion Area ၊ Cart Shop Area ၊ Bank Area များ၊ Super Market တစ်ခု၊ မိနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့် အလှကုန်ဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ စားသောက်ဆိုင်များ၊ အားကစားကွင်း တစ်ခုနှင့် ရုပ်ရှင်ရုံများကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် ယာဉ်ရပ်နားရန် နေရာများကိုလည်း စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်






ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နှီးနှောဖလှယ်ပွဲမှ ပြည်တွင်းဖြစ်နည်းပညာတီထွင်မှုများကို အသိအမှတ်ပြုဖော်ထုတ်ပေးခြင်းနှင့် ပြည်တွင်းအခြေစိုက် အီလက်ထရောနစ်စက်ပစ္စည်းများနှင့် အိုင်စီတီဆိုင်ရာစက်ပစ္စည်းများထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရရှိစေမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ် စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဒစ်ဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း၊ ပြည်ပ နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒစ်ဂျစ်တယ်မြန်မာ နည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် Digital Transformation ဟု ခေါ်သည့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် ခေတ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်မြန်မာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲကို ကျင်းပရသည့်ရည်ရွယ်ချက်များမှာ အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားအပါအဝင် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၌ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်တင်ရန်၊ ဆိုက်ဘာ နည်းပညာဆိုင်ရာ အသိပညာ မြှင့်တင်ရန်၊ စီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်ပြိုင်ဆိုင်မှု စွမ်းရည်ကို မြှင့်တင်ရန်၊ နည်းပညာရှင်များနှင့် လုပ်ငန်းခွင်အကြား ချိတ်ဆက်မှု ဖန်တီးရန်နှင့် နည်းပညာ ဂေဟစနစ်တစ်ခု တည်ဆောက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရတနာပုံမြို့သစ်တွင် ကျင်းပခြင်းဖြစ်ကြောင်း။

ရတနာပုံမြို့သစ်ကို တစ်နည်းအားဖြင့် ရတနာပုံဆိုက်ဘာစီးတီး၊ မြန်မာနိုင်ငံ၏ Silicon Valley ဟု လူသိများကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံးသော အိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုအဖြစ် ရည်ရွယ်ကာ ၂၀၀၆ ခုနှစ် ဇွန်လ၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်ကို မြန်မာနိုင်ငံ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာမှ နည်းပညာကုမ္ပဏီများကို ဖိတ်ခေါ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်၊ မြန်မာ့နည်းပညာရှင်များအတွက် သုတေသနနှင့် တီထွင်ဖန်တီးမှုများ ပြုလုပ်နိုင်မည့် အချက်အချာနေရာတစ်ခု ဖြစ်လာစေရန်ဟူသည့် ရည်ရွယ်ချက် သုံးခုဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ရတနာပုံမြို့သစ်တွင် မြန်မာနိုင်ငံ၏ အဓိက အင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ဗဟိုဌာနတစ်ခုကို Yatanarpon Teleport က တည်ဆောက်ခဲ့ကြောင်း၊ အိုင်တီလုပ်ငန်းသစ် (Startups)များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ၊ Incubation Center များ၊ Education Zone ဖြစ်သည့် နည်းပညာ တက္ကသိုလ်များနှင့် လေ့ကျင့်ရေး သင်တန်းကျောင်းများ ထည့်သွင်းရန်လျာထားခဲ့ကြောင်း၊ နည်းပညာနှင့်ပတ်သက်သည့်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် High-Tech Zone အဖြစ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမည့် Soft-Based Factory Zone ကိုလည်း ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း။

ရတနာပုံမြို့သစ်တွင် ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် လိုအပ်ချက်များကို အကောင်အထည်ဖော် အဆင့်မြှင့်တင်ပေးရမည်၊ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းချမှတ်ပေးရမည်၊ အဓိကအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

ရတနာပုံမြို့သစ်သည် မန္တလေးမြို့၏ အပူပိုင်းရာသီဥတုနှင့် ပြင်ဦးလွင်မြို့၏ အအေးပိုင်းရာသီဥတုအကြားတွင် တည်ရှိသောကြောင့် အိုင်တီလုပ်ငန်းများအတွက် သင့်တော်သည့်ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့နှင့် အနားယူအပန်းဖြေရာ မြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့ အနီးတစ်ဝိုက်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်ခြင်း၊ သင့်တင့်မျှတသည့် ရာသီဥတုနှင့် ပတ်ဝန်းကျင်တို့ကြောင့် အစစအရာရာ သင့်တော်ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တည်နေရာ အနေအထားအရ အခြေခံကောင်းများ ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မြို့သစ်၏ အနီးဝန်းကျင်တွင်ရှိသည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၊ မန္တလေးမြို့အနီးပတ်ဝန်းကျင်ရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ လူ့စွမ်းအားအရင်းအမြစ်များကို Intership အလုပ်သင်အနေဖြင့် သုတေသနပြုလုပ်ရယူ အသုံးပြုနိုင်ပြီး မြေတောင်မြှောက်ပေးနိုင်သည့် အားသာချက်တစ်ခု အနေဖြင့် ရှိနေသည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၅ သို့ »»

❖ ရတနာပုံမြို့သစ်တွင် ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် လိုအပ်ချက်များကို အကောင်အထည်ဖော် အဆင့်မြှင့်တင်ပေးရမည်၊ ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ရန် လိုအပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းချမှတ်ပေးရမည်၊ အဓိကအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားအကောင်အထည်ဖော်ကြရမည်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

»»» စာမျက်နှာ ၄ သို့

မိမိတို့အနေဖြင့် ASEAN Digital Master Plan ၏ ရည်မှန်းချက်များဖြစ်သည့် အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ် အသိုက်အဝန်း (Inclusive Digital Community)၊ ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ် ဂေဟစနစ် (Trusted Digital Ecosystem)၊ ဆန်းသစ်တီထွင်မှုရှိသော ဒစ်ဂျစ်တယ်စီးပွားရေး (Innovative Digital Economy)၊ အနာဂတ်အတွက် အသင့်ဖြစ်သော ကျွမ်းကျင်လုပ်သားများ (Future-Ready Workforce)၊ ရေရှည်တည်တံ့သော ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု (Sustainable Digital Transformation) တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်သည့်နေရာ၌ မြို့ပြနှင့် ကျေးလက်ဒေသ အားလုံး လူတိုင်း လက်လှမ်းမီနိုင်သည့် လူတိုင်းသုံးနိုင်ပြီး ဈေးနှုန်းချိုသာသည့် အင်တာနက်ချိတ်ဆက်မှုရရှိရန်၊ အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ဒစ်ဂျစ်တယ်နည်းပညာကို အလွယ်တကူအသုံးပြုနိုင်စေရန်၊ ဆိုက်ဘာလုံခြုံရေးကိုမြှင့်တင်ပြီး ဒေသတွင်း ဆိုက်ဘာတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်ရန်၊ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများကို နှိမ်နင်းပြီး သုံးစွဲသူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ချောမွေ့စွာဆောင်ရွက်နိုင်ရန်၊ Artificial Intelligence(AI) ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် AI ဆိုင်ရာဘေးကင်းလုံခြုံမှုကွန်ရက်များ ထူထောင်ရန်၊ ဒေသတွင်းရှိ လုပ်သားထု၏ ဒစ်ဂျစ်တယ်ဆိုင်ရာ အချက်အလက် သိရှိနားလည်မှုနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်၊ အဆင့်မြင့်နည်းပညာဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးရန်နှင့် လုပ်ငန်းခွင်အတွင်း နည်းပညာအသုံးချမှုကို တိုးမြှင့်ပေးရန်၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် စသည်တို့ကိုလည်း အကောင်အထည်ဖော်သွားကြရန်လိုကြောင်း။

၂၀၂၆ ခုနှစ်တွင် ဉာဏ်ရည်တုနည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်နေသောကြောင့် အာဆီယံနိုင်ငံများအနေဖြင့် တာဝန်ယူမှုရှိသည့် ဉာဏ်ရည်တုနည်းပညာ (Responsible AI)ကို အထူးအလေးပေး ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အာဆီယံနိုင်ငံအချင်းချင်း AI ဆိုင်ရာ ကျင့်ဝတ်စံနှုန်း(Ethical Guidelines)များကို ညှိနှိုင်းပြီး ဘေးကင်းသည့် AI အသုံးချမှုကို ဖော်ဆောင်နေသည်ကို တွေ့ရကြောင်း၊ ဒစ်ဂျစ်တယ်စနစ်များ တိုးတက်များပြားလာသည်နှင့်အမျှ အွန်လိုင်းလိမ်လည်မှုများလည်း များလာကြောင်း၊ ယင်းကို တိုက်ဖျက်ရန်အတွက် အာဆီယံ နိုင်ငံများကြားတွင် သတင်းအချက်အလက်မျှဝေခြင်း ကွန်ရက်ကို အရင်ကထက် ပိုမိုခိုင်မာအောင်တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒစ်ဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် ပြသထားသည့် ပြခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ယခုကဲ့သို့ ရတနာပုံမြို့သစ်တွင် လူငယ်များ၏ တီထွင်ဖန်တီးမှုများ၊ ပြည်တွင်း ပြည်ပ နည်းပညာကုမ္ပဏီများ၏ ခေတ်မီနည်းပညာသစ်များကို တစ်နေရာတည်းတွင် မြင်တွေ့ခွင့်ရပြီး နည်းပညာဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ခွင့်ရနိုင်မည့် ယခုပွဲကို ကျင်းပနိုင်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယခု နည်းပညာဖလှယ်ပွဲနှင့် ပြပွဲမှတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် Software များ၊ Hardware များနှင့် ဆန်းသစ်သည့် Solution များကို ဖန်တီးနိုင်မည်ဟု မိမိတို့ ယုံကြည်ပါကြောင်း၊ ယခုနည်းပညာပြပွဲတွင် ပြသထားသည့် ကျောင်းသားလူငယ်များ၏ Project များသည် မိမိတို့နိုင်ငံ၏ အနာဂတ်ဒစ်ဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်လာရန် မျှော်လင့်ပါကြောင်း။

ယခုကဲ့သို့ ကျင်းပရာတွင် နည်းပညာ ပြပွဲတင်မကဘဲ နည်းပညာ နှီးနှောဖလှယ်ဆွေးနွေးပွဲများကိုပါ ထည့်သွင်းထားသည်ကို တွေ့ရကြောင်း၊ ယခုဆွေးနွေးပွဲများမှတစ်ဆင့် ဉာဏ်ရည်တုနည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာ၊ ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံနှင့် ဆန်းသစ်တီထွင်မှုစသည့် ခေါင်းစဉ်များကို ကျွမ်းကျင်သူများက နှီးနှောဖလှယ်သွားကြမည်ဟု သိရကြောင်း၊ တက်ရောက်လာသူများအနေဖြင့် မိမိတို့၏လုပ်ငန်းခွင်နှင့် ပညာရေးတွင် အသုံးချနိုင်မည့် အတွေ့အကြုံသစ်များ ရရှိသွားမည်ဟု မျှော်လင့်ကြောင်း။

ထို့အပြင် ယခုနှီးနှောဖလှယ်ပွဲမှ နည်းပညာလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဝါသနာရှင် ကျောင်းသားလူငယ်များအကြား အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ပြီး ပြည်တွင်းဖြစ် နည်းပညာတီထွင်မှုများကို အသိအမှတ်ပြုဖော်ထုတ်ပေးခြင်းနှင့် ပြည်တွင်းအခြေစိုက် အီလက်ထရောနစ် စက်ပစ္စည်းများနှင့် အိုင်စီတီဆိုင်ရာ စက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း။

ယခုနည်းပညာပြပွဲနှင့် ဆွေးနွေးဟောပြောပွဲများမှ နိုင်ငံတော်၏ IT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရတနာပုံမြို့သစ် စီမံကိန်းတွင် ဆိုက်ဘာနည်းပညာနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်ရေးနှင့် ဉာဏ်ရည်တုနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကျိုးရှိမည့် ရလဒ်များ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် ရတနာပုံမြို့သစ်စီမံကိန်း ဧရိယာအတွင်း အီလက်ထရောနစ်ဆိုင်ရာ ပစ္စည်းများ အဓိကထုတ်လုပ်နိုင်ရေးနှင့် နည်းပညာတက္ကသိုလ်များ ချိတ်ဆက်ပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရေးတို့အတွက် လမ်းပြမြေပုံတစ်ခု၊ မဟာဗျူဟာတစ်ခု ချမှတ်နိုင်ရေး အထောက်အကူပြုစေရန် မျှော်လင့်ပါကြောင်း။

ထိုကဲ့သို့ မဟာဗျူဟာများ ရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ရေရှည်စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လက်တွေ့ကျကျ လေ့လာသုံးသပ်ကြရန် လိုအပ်ကြောင်း၊ ဘက်ပေါင်းစုံမှ စဉ်းစားပြီး အားနည်းချက်မရှိသည့်၊ ပြည့်စုံမှန်ကန်သည့် လုပ်ငန်းမျိုးဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည်အကျိုးရှိစေပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မည့် စီမံကိန်းလုပ်ငန်းစဉ်များ ဖြစ်စေရန် အရေးကြီးကြောင်း၊ နည်းပညာသစ် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လိုက်ပါလာသည့် လုံခြုံရေး ကျိုးပေါက်နိုင်မှု၊ အမျိုးသား ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား ထိခိုက်နိုင်မှု၊ ကျင့်ဝတ်သိက္ခာဆိုင်ရာများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လုံခြုံမှု စသည့်ခြိမ်းခြောက်မှု အန္တရာယ်များနှင့် ဆိုးကျိုးများကိုလည်း ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ »»»



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒစ်ဂျစ်တယ် မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့်ပြပွဲ အခမ်းအနားအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာနယ်မြေတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရှင်းလင်းတင်ပြစဉ်။

- ❖ **ပြင်ဦးလွင်ဘူတာနှင့် ကလောဘူတာတို့သည် ရှေးဟောင်းသမိုင်းဝင်ဘူတာများဖြစ်သည့်အတွက် ဘူတာအဆောက်အအုံအား စနစ်တကျထိန်းသိမ်း**
- ❖ **မြို့ပြဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများကို ဖော်ဆောင်ခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်မည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး အမျိုးသားဝင်ငွေသည်လည်း တိုးတက်လာစေမည်**

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရပ်ကွက်ကြီး(၈)၊ (၁၀)၊ ပဒေသာမြို့သစ်တို့ရှိ သိင်္ဂီလမ်း၊ ရတနာလမ်း၊ နဝရတ်လမ်း၊ ပြည်သာယာလမ်းတို့တွင် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြအင်္ဂါရပ်နှင့်အညီဖြစ်စေရေး ၂၄ ပေအကျယ်ရရှိစေရန် လမ်းချဲ့ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဖြစ်သည့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများ၊ မြေသားရေမြောင်း တူးဖော်ခြင်းလုပ်ငန်းများ၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ Thermo Plastic Paint ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိကြပြီး ဘူတာနယ်မြေတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က ဘူတာနယ်မြေတွင် ပွဲကြည့်စင်အပါ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အဆင့်မြင့်ဟိုတယ်နှင့် ဈေးဝယ်စင်တာပါရှိသည့်လေးထပ်အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများအား လုပ်ငန်းစဉ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြင်ဦးလွင် - ဂုတ်ထိပ် ရထားခရီးစဉ် ပြေးဆွဲနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်ပြီး မြေကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် စနစ်တကျဖြင့် ရေးဆွဲတွက်ချက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဘူတာနှင့် ကလောဘူတာတို့သည် ရှေးဟောင်းသမိုင်းဝင် ဘူတာများဖြစ်သည့်အတွက် ဘူတာအဆောက်အအုံအား စနစ်တကျထိန်းသိမ်းသွားရန်နှင့် ဘူတာနယ်နိမိတ်အတွင်း စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများကို ဖော်ဆောင်ခြင်းအားဖြင့် ဒေသတွင်းသို့လာရောက်လည်ပတ်မည့် ပြည်တွင်း၊ ပြည်ပ ခရီးသွား ဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး အမျိုးသားဝင်ငွေသည်လည်း တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်တံတားသို့ရထားခရီးစဉ်များပြေးဆွဲမှုနှင့် ပတ်သက်၍လည်း အပန်းဖြေခရီးလာရောက်သည့်သူများအနေဖြင့် ဒေသန္တရဗဟုသုတများနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပမှုများကို ခံစားရရှိနိုင်မည်ဖြစ်သဖြင့် ခရီးသည်များ ဘေးကင်းလုံခြုံစွာဖြင့် စီးနင်းလိုက်ပါလေ့လာနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းများဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာမည့် ခရီးသွားလာမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုကြည့်၍ ရေရှည်အကျိုးရှိစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

»»» စာမျက်နှာ ၅ မှ

ဒစ်ဂျစ်တယ် နည်းပညာနယ်ပယ် တစ်နည်းအားဖြင့် ဆိုက်ဘာနယ်ပယ်သည် နယ်နိမိတ်ကန့်သတ်ပိုင်းခြားရန် ခက်ခဲပါကြောင်း၊ ကမ္ဘာတွင် လူပြောများလာသည့် ဆိုက်ဘာနယ်နိမိတ် အချုပ်အခြာအာဏာ (Cyber-space Sovereignty)ကိုလည်း ထည့်သွင်း စဉ်းစားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာတွင် ဉာဏ်ရည်တု နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါလာသည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုချိုးဖောက်ခြင်းများ၊ ဘက်လိုက်မှုကိစ္စရပ်များမှ တစ်ဆင့် နိုင်ငံလုံခြုံရေးအထိ ခြိမ်းခြောက်နိုင်ခြင်းတို့သည် ထိပ်တန်းစိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ယင်းတို့ကို ကာကွယ်နိုင်ရန် နည်းပညာဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နည်းပညာ တိုးတက်မှုနောက်မှ ပြဋ္ဌာန်းချမှတ်ပေးနေကြရသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ထိန်းကျောင်းကြီးကြပ်နိုင်ရန် လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဟန်ချက်ညီညီ ရေးဆွဲချမှတ် ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန် အရေးကြီးသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

“နည်းပညာသည် အနာဂတ်ကို ပုံဖော်သူ”ဟူသည့် စကားနှင့်အညီ ယခုပွဲမှ ရရှိလာမည့် နည်းပညာဆိုင်ရာ အသိပညာအတွေ့အကြုံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခုဖြစ်ပါကြောင်းနှင့် နှီးနှောဖလှယ်ပွဲနှင့် ပြပွဲကြီးမှတစ်ဆင့် နိုင်ငံအတွက် အကျိုးရှိသည့် သုံးသပ်ဖော်ထုတ်ချက်များ၊ ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

## ကြည့်ရှု

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဒစ်ဂျစ်တယ် မြန်မာနည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒစ်ဂျစ်တယ်မြန်မာနည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒစ်ဂျစ်တယ် မြန်မာနည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားတွင် ပြသထားရှိသည့်ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ပြခန်းများပြသထား

အဆိုပါ ဒစ်ဂျစ်တယ်မြန်မာ နည်းပညာ နှီးနှောဖလှယ်ပွဲနှင့် ပြပွဲ (Digital Myanmar Forum and Exhibition)ကို “ဉာဏ်ရည်တု နည်းပညာခေတ် မြန်မာနိုင်ငံ၏ နည်းပညာအနာဂတ်ကို ပုံဖော်ခြင်း(Digital Myanmar: Shaping Myanmar’s Digital Future in the Age of AI)”ဟူသည့် ခေါင်းစဉ်ဖြင့် ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် ပြည်တွင်း၊ ပြည်ပ နည်းပညာကုမ္ပဏီများမှ ပြခန်းများ ပြသထားရှိကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံအတွင်းပညာတတ်များပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရပ်စောက်မြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်စောက်၊ ကလော၊ ဟဲဟိုးနှင့် အောင်ပန်း မြို့များရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရပ်စောက်မြို့နှင့် ကလောမြို့တို့၌ ဖေဖော်ဝါရီ ၂၆ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် သက်ဆိုင်ရာမြို့နယ်များအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောမြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က အမှာစကားပြောကြား ရာတွင် နိုင်ငံရေးဖြစ်စဉ်နှင့် ပတ်သက်၍ NLD အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မ ရယူရန် ဆောင်ရွက်ခဲ့ခြင်း ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေး အတွက် နိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းထမ်းဆောင်ခဲ့ရ သည့်အခြေအနေများ၊ နိုင်ငံတော် အစိုးရ တာဝန်ထမ်းဆောင်ချိန်မှ စတင်၍ ဦးတည်ချက်များ ချမှတ် ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်များ အောင်မြင် အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ သည့် အခြေအနေများ။

နိုင်ငံတော်တာဝန်များကို စတင် တာဝန်ယူ ဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲ မှုများကြောင့် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက် လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့မှု၊ ယင်းအချိန် သည် ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးကြီးဖြစ်ပေါ်နေသည့် ကာလ ဖြစ်ပြီး ပြည်ဖျက်အဖွဲ့များ၏ သွေးထိုး လှုံ့ဆော်မှုများကို နားယောင်၍ သစ္စာမဲ့သည့် နိုင်ငံ့ ဝန်ထမ်းအချို့၏ လုပ်ငန်းခွင် စွန့်ခွာမှုများကိုလည်း ကြုံတွေ့ ခဲ့ရမှု၊ ၂၀၂၃ ခုနှစ်အတွင်း ရခိုင် ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ် ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း တွင် ရာဂီမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် ရေကြီး ရေလျှံမှု၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ရက် နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီး စသည့်သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းများ နှင့် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့မှုများအပါအဝင် အခြား စိန်ခေါ်မှုကြီး များစွာကိုလည်း သစ္စာရှိနိုင်ငံ့ဝန်ထမ်းကောင်းများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူများ၏ စုပေါင်းအားဖြင့် အခက်အခဲများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့မှုနှင့် ဆက်လက် ၍လည်း ကြုံတွေ့လာနိုင်သည့် မည်သည့် အခက်အခဲအတား အဆီးများကိုမဆို စုပေါင်းအားဖြင့် ရင်ဆိုင် ကျော်လွှားသွားကြရန် လိုအပ်သည့်အခြေအနေများ။

ရွေးကောက်ပွဲ ကျင်းပနိုင်ရန် အတွက် မဲစာရင်းများမှန်ကန်စွာ ရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်းများ ကို တစ်အိမ်တက်ဆင်းဆောင်ရွက် နိုင်ခဲ့မှု၊ နိုင်ငံတော်အကြီးအကဲ အနေဖြင့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၊ ပါတီငယ်များ နှင့် တိုင်းရင်းသားကိုယ်စား လှယ်များ လွှတ်တော်နိုင်ငံရေး စင်မြင့်တွင် ပါဝင်လာနိုင်စေရေး FPTP စနစ်၊ PR စနစ်တို့ကို ကျင့်သုံးဆောင်ရွက်ပေးခဲ့မှု။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင် ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်းသုံးပိုင်း ခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ခဲ့မှု၊ ထိုသို့မဲပေးချိန်တွင် အကြမ်းဖက် သောင်းကျန်းသူများ နှင့် ပြည်ဖျက်မီဒီယာများက ရွေးကောက်ပွဲ မကျင်းပနိုင်စေရန် အတွက် အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ခြင်း၊ မဟုတ်မမှန် ဝါဒ ဖြန့်ချိခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်သူများအနေဖြင့် ဆန္ဒမဲများ ပေးရာတွင် မဲရုံစတင်ဖွင့်လှစ်သည့် အချိန်မှ မဲရုံပိတ်သိမ်းချိန်အထိ တက်ကြွစွာဖြင့် မြန်မာအီလက် ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် စနစ်တကျမဲပေးခြင်း များကို မိတ်ဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများမှ ရွေးကောက် ပွဲ လာရောက်လေ့လာစောင့်ကြည့် သူများ၊ ပြည်တွင်း/ပြည်ပ မီဒီယာ များ၏ရှေ့မှောက်တွင် ပွင့်လင်း မြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့မှု။

တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့သည့် မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲ ပေးသူ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်း မှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိ ကြောင်း၊ ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်း မှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတ သည့် ရွေးကောက်ပွဲ၊ သိက္ခာရှိ သည့် ရွေးကောက်ပွဲကို အောင်မြင် စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှု၊ ပါတီပေါင်း ၅၈ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင် ခဲ့မှုမှာ ခြောက်ပါတီရှိကြောင်း၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ဖြစ်သဖြင့် မကြာမီ လာမည့်မတ်လတွင် လွှတ်တော်ခေါ်ယူ၍ အစည်း အဝေးကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ခြင်းများကို နိုင်ငံတော် အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပြီး ဧပြီ လဆန်းပိုင်းတွင် သမ္မတရွေးချယ် တင်မြှောက်၍ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန် ကို ပြန်လည်လွှဲပြောင်းပေးအပ် သွားမည့် အခြေအနေများကို ဦးစွာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင် ပြောင်းလဲသည်ဖြစ်စေ ဝန်ထမ်း ကျင့်ဝတ် သိက္ခာနှင့်အညီ ကျေပွန် စွာ တာဝန်ထမ်းဆောင်ရမည် ဖြစ်ပြီး ပြည်သူ့ဝန်ထမ်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း ဖြစ်ရန် လိုအပ်ပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ မရှိ သည့် ပြည်သူ့ဝန်ထမ်းကောင်း များဖြစ်စေရန် အဓိကအရေးကြီး ကြောင်း၊ ထိုသို့ ဝန်ထမ်းကောင်း များရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်သဖြင့် မိမိတို့ တာဝန်ကျရာ ဒေသတို့တွင် ပေးအပ်သည့် တာဝန်များကို အဂတိတရား ကင်းရှင်းစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုကြောင်း၊ ပြည်ဖျက်အဖွဲ့များ အနေဖြင့်ယနေ့အချိန်ထိ ကောလာ ဟလသတင်းများ ထုတ်လွှင့်ခြင်း၊ ငွေကြေးအရ မက်လုံးပေးစည်းရုံး မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အနိမ့် ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင် ပြီးသူများဖြစ်သည့်အတွက် မလို လားသူများ၏ သွေးထိုးသပ်လျှိုမှု၊ စည်းရုံးသိမ်းသွင်းမှု မခံရစေရေး အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြား ခွဲခြား သိမြင်နိုင်ရေးသည်လည်း အရေးကြီးကြောင်း။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် တွင် နိုင်ငံတော်တာဝန်ကို ခေတ္တ စတင်တာဝန်ယူချိန်တွင် နိုင်ငံရေး နှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်မှုမရှိဘဲ ဘေးပယောဂ များ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများ ကြောင့် ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းအချို့အပါအဝင် နိုင်ငံ့ ဝန်ထမ်းအချို့ လုပ်ငန်းခွင်စွန့်ခွာမှု

စာမျက်နှာ ၈ သို့ *

* စာမျက်နှာ ၇ မှ

DCS လုပ်ဆောင်ခဲ့ကြကြောင်း၊ နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် ကိုဗစ်- ၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေး ကြုံတွေ့ရမှု အကျပ်အတည်းများကြားမှ မိမိတို့အနေဖြင့် လက်ရှိအခြေအနေအထိ နိုင်ငံတော်ကို တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ယနေ့အထိ နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းကောင်းများကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍ မြင့်မားနေရန် လိုအပ်ကြောင်း၊ ပညာရေး အားနည်းခြင်းများကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည် အားနည်းခြင်းကြောင့် လူတစ်ဦးချင်း၏ တွေးခေါ်မြော်မြင်မှုများတွင် အားနည်းမှုများရှိကြောင်း၊ နိုင်ငံအတွင်းပညာတတ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ပညာတတ်လူငယ်လူရွယ်များ လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ဆက်စပ်လျက် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပမည့် Grade -12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် KG တန်းမှစ၍ Grade -12 အထိ ကျောင်းသားလူငယ်များ စာကျေအောင်၊ စာတတ်မြောက်အောင် သင်ကြားပေးရန် လိုကြောင်း၊ စာကျေစာတတ်မှသာ ၎င်းတို့၏ ဘဝတွင် ဆက်လက်၍ အဆင့်မြင့်ပညာများကို ကောင်းမွန်စွာ သင်ယူနိုင်မည်ဖြစ်ကာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်ပေး

ကျန်းမာရေးနှင့် ပတ်သက်၍ နိုင်ငံတော် အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ မြင့်မားရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ပေးအပ်သည့် တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်သည့်အတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ဆောင်ရွက်သွားကြရန် လိုကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြပြီး ၃၀ ရာခိုင်နှုန်းလောက်သာ မြို့နေလူတန်းစားများ ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းများမြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများ မြင့်မားလာအောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတန်းပညာများရှိမှသာ အတတ်ပညာများကို သင်ကြားနိုင်မည် ဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်းမှ အသိပညာများ ရရှိနိုင်မည်ဖြစ်သည့်အတွက် စာကောင်းပေမွန်များ ဖတ်ရှုလေ့လာကြရန်လည်း လိုကြောင်း၊ အတန်းပညာ တက်ရောက်ရန် မဖြစ်နိုင်တော့သည့် အရွယ်လွန်သည့်ပြည်သူများအား ကျောင်းပြင်ပပညာရေးဖြင့် အသိပညာဗဟုသုတများ ရရှိလာအောင်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် Agro Based Industries ကို မူဝါဒများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးနှင့် Grade-12 ၌ပင် ပညာရေးတစ်ပိုင်းတစ်စ ရပ်တန့်ရသည့် ကျောင်းသား ကျောင်းသူများအတွက် Vocational Training အဖြစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအတွင်း ထုတ်ကုန်တိုးမြှင့်ရေးအတွက် စာရင်းဇယား မှန်ကန်ရေး၊ သစ္စာရှိဝန်ထမ်းများ လိုအပ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အောင်မြင်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိဒေသရှိ တောင်သူများ စိုက်ပျိုး/ မွေးမြူရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ တိုးပွားစေရန် ပညာပေးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားကြရန်လိုကြောင်း၊ ဒေသထွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ ထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက်လည်း လိုအပ်သည်များ စီမံဆောင်ရွက် ပေးသွားကြရန်နှင့် မိမိတာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်စေတနာထား၍ တာဝန်ထမ်းဆောင်သွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်များရှိရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ တိုင်းချစ်ပြည်ချစ်စိတ်များ အားနည်းခြင်းကြောင့်ဖြစ်ကြောင်း၊ တိုင်းချစ်ပြည်ချစ်စိတ်တွင် နိုင်ငံသားနှင့်ပတ်သက်သည့် တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်သည့် တိုင်းချစ် ပြည်ချစ်စိတ်ဟူ၍ ခွဲခြားနိုင်ကြောင်း၊ နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သည့် အမျိုးသားရေးလက္ခဏာများ၊ အထိမ်းအမှတ်တံဆိပ်များ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းတို့အပါအဝင် အထွတ်အမြတ်ထားရမည်များကို လေးစားတန်ဖိုးထား ချစ်မြတ်နိုးကြရန် ဝိုင်းဝန်းထိန်းကျောင်း တည့်မတ်ပေးရန်လည်းလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မိမိတတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများဖြင့် ဒေသကောင်းရာ ကောင်းကျိုးအတွက် **အတ္တနှင့်ပရ** ညီညွတ်မျှတစွာ ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း ဖြစ်ရန်မှာ အဂတိတရားကင်းရှင်းရန် အရေးကြီးကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်မည်ဖြစ်ပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ပြည်သူနှင့် နိုင်ငံတော်အပေါ် အလုပ်အကျွေးပြုနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံသွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ဗထူး)မှ ကျောင်းအုပ်ကြီး ဒေါ်နီနီသန်းက ကျောင်းအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ရပ်စောက်မြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာစန်းယုကိုနှင့် ကလောခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာဒေါ်ဝင်းသန္တာဖြူတို့က ဆေးရုံများအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ ကလောခရိုင်ပညာရေးမှူး ဒေါ်မြင့်မြင့်စန်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်စုစုငြိမ်းနှင့် အလုပ်သမားဦးစီးဌာနမှ ဦးစိုင်းမောင်လင်းတို့က သက်ဆိုင်ရာ ရုံး၊ ဦးစီးဌာနများ၏ လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**


နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ လာအိုအမျိုးသားလွှတ်တော် ပြင်ပဆက်ဆံရေးဌာန ဒုတိယဥက္ကဋ္ဌ Mr. Chanthavong SENEAMATMONTRY ဦးဆောင်သော ချစ်ကြည်ရေးအသင်း အဖွဲ့ဝင်များကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်၊ သာသနာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် အလုပ်သမားရေးရာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု မြှင့်တင်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် နှစ်ဖက်ချစ်ကြည်ရေးအသင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ပြင်ဦးလွင်ခရိုင်ကုသရေး ဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိ ဦးဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းမှစတင်၍ ပြင်ဦးလွင်မြို့နယ်၊ နောင်လိူင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင် ကုသရေးဦးစီးဌာနမှ အထွေထွေရောဂါလူနာ ၁၂၃ ဦး၊ ကလေးလူနာ ၁၈ ဦး၊ ခွဲစိတ်လူနာ ၁၉ ဦး၊ အကြောအဆစ်နှင့်ပတ်သက်သောလူနာ ၄၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်သားဖွားမီးယပ်လူနာ ၁၆ ဦး၊ အရိုးနှင့်ထိခိုက်ဒဏ်ရာလူနာ ၄၈ ဦး၊ သွားနှင့်ခံတွင်းရောဂါလူနာ ၄၃ ဦး၊ မျက်စိလူနာ ၁၂၉ ဦး၊ စိတ်ကျန်းမာရေးနှင့်ပတ်သက်သော လူနာ သုံးဦး၊ မျက်စိစမ်းသပ်လူနာ ၁၂၄ ဦးတို့အား မျက်စိစမ်းသပ်ပေးခဲ့ကာ မျက်မှန်များ အခမဲ့လှူဒါန်းပေးခဲ့သည်။ အလားတူ ပြည်သူ့ကျန်းမာရေးဌာနမှ HIV စစ်ဆေးလူနာ ၁၅ ဦး၊ ကာလသားရောဂါစစ်ဆေးလူနာ နှစ်ဦး၊ ၄က်ဖျားစစ်ဆေးလူနာ ၅၂ ဦးတို့အား ကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ဆေးစိမ်ခြင်ထောင် အလုံး ၃၀၀ အား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါကွင်းဆင်းကုသပေးခဲ့သူ စုစုပေါင်း ၅၆၅ ဦးအနက်မှ ဆေးဝါးအခမဲ့ထောက်ပံ့ပေးခဲ့သူ ၂၆၀ ဦး၊ ဓာတ်မှန် Ultrasound ရိုက်ကူးပေးခဲ့သူ ၃၁ ဦး၊ ဓာတ်ခွဲစစ်ဆေးပေးခဲ့သူ ၂၄၉ ဦး၊ ပြင်ဦးလွင်ဆေးရုံကြီးသို့ ခွဲစိတ်ကုသရန် လွှဲပြောင်းလူနာ ၂၉ ဦးတို့အား အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင်များ လာရောက်ကြည့်ရှု ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

သွေးသွေး(ခရိုင်/ပြန်ဆက်)

❖ စာမျက်နှာ ၂၄ မှ

ဦးစွာ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများက ရုံး/ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်ရင်း/တပ်ဖွဲ့များအလိုက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် လုပ်ဆောင်ရန် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဘက်ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် ကလောတပ်နယ်သည် အရာရှိကြီးများကို ဦးစီးအရာရှိကောင်းများဖြစ်စေရန်၊ စစ်တိုက်တော်သည့် တပ်မှူးကောင်းများ ဖြစ်စေရန် အတွက် လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သမိုင်း အစဉ်အလာကြီးမားသည့်တပ်နယ်ဖြစ်ကြောင်း။

တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်လိုသည့်စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက် အမှုထမ်းခဲ့ကြသူများ ပီပီ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့် တာဝန် ဝတ္တရားများကိုမဆို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန် လိုကြောင်း။

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကို အသုံးချ၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ ထမ်းဆောင်ရာတွင် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ထမ်းဆောင်ကြရန် လိုကြောင်း၊ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် သင်ကြားပေးသည့် စစ်ပညာများကို မှန်မှန်ကန်ကန် အသုံးချရန်နှင့် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်း၊ ကိရိယာများကို အပြည့်အဝ ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ သို့မှသာ ပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်ကို ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ တပ်မတော် အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော် တာဝန်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ များ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်း(၃)ပိုင်းခွဲ၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလ အတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေး ကျင်းပနိုင်ရေး ကြိုတင် ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လာမည့်မတ်လအတွင်းလွှတ်တော် အစည်းအဝေးများ ခေါ်ယူကျင်းပကာ ဧပြီလဆန်းပိုင်းတွင် သမ္မတ ရွေးချယ်တင်မြှောက်၍ အစိုးရသစ် တစ်ရပ်ဖွဲ့စည်းကာ နိုင်ငံတော်၏ တာဝန်ကို ပြန်လည်လွှဲပြောင်း ပေးအပ်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ဆက်လက်၍ ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံရေး အစိုးရများ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ မိမိတို့တပ်မတော်သားများသည် ပြည်သူများအတွင်းမှ ပေါက်ဖွားလာသူများဖြစ်၍ ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အတွက် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် အတွက် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အတွက် တပ်မတော်၌ အင်အား တောင့်တင်းရန် လိုကြောင်း၊ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင် တတ်မြောက်စွာ အသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများ ဖြစ်အောင် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျ လေ့ကျင့်နေကြရန် လိုကြောင်း။

လေ့ကျင့်ရာတွင်လည်း တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါ လေ့ကျင့်နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ရန် လိုအပ်ပြီး အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေး သတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် "မြဲ(၃)မြဲ"နှင့် အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုများကိုလည်း အမြဲမပြတ် လုပ်ဆောင်သွားကြရန်လိုကြောင်း၊ သို့မှသာ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖြင့် လုပ်ငန်းတာဝန်များနှင့် စိန်ခေါ်မှု အမျိုးမျိုးကို ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုတို့ဖြင့် အောင်မြင်စွာဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သက်ဆိုင်ရာကွပ်ကဲ အုပ်ချုပ်သည့် တပ်မှူးများ အနေဖြင့်လည်း မိမိတပ်ရင်း/ တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကို တပ်မှူးကောင်း စိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာ အုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာ ချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာ သုံးစွဲတတ်ရန်လိုအပ်ပြီး တာဝန်ရှိသူများမှလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အရက် ၊ ဆေးလိပ်၊ ကွမ်း အပါအဝင် လူမှုရေးဆိုင်ရာ ကိစ္စ၊ လောင်းကစားမှုဆိုင်ရာ ကိစ္စ စသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန် လိုအပ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် Agro Based Industries ကို မူဝါဒများ ချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော် အနေဖြင့်လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေး အတွက် ရှိပြီးဖြစ်သည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့၍ စနစ်တကျဆောင်ရွက်ပါက မိသားစုများ၏ သက်သာချောင်ချိရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်သားများ အနေဖြင့် မိမိတို့ဘဝတိုးတက်ရေး အတွက် အလိမ္မာ စာမှာရှိ ဆိုသည့် အတိုင်း စာကောင်းပေမွန်များကို ဖတ်မှတ် လေ့လာကြရန် လိုကြောင်း၊ တပ်တိုင်းတွင် စာကြည့်တိုက်များထားရှိပေးထားပြီးဖြစ်၍ စာများများ ဖတ်ရှုလေ့လာမှသာ အသိပညာဗဟုသုတများ ရရှိလာမည်ဖြစ်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရာရှိ စစ်သည် မိသားစုများ အနေဖြင့် စာများများ တိုးတက် ဖတ်ရှုကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာရေး အားနည်းခြင်း များကြောင့် နိုင်ငံတော်အနေဖြင့် ပညာရည် မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော် သား မိသားစုဝင်များ၏ သားသမီး များသာမက တပ်မတော်သားများ ၏ ပညာရည်မြှင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေး လျက်ကြောင်း၊ မိမိတို့၏ သားသမီး များ စဉ်းစားတွေးခေါ်တတ်သည့် ပညာတတ်လူငယ်များဖြစ်စေရေး အားပေး ဆောင်ရွက်သွားကြရ မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပ မည့် Grade -12 စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲထူးချွန်စွာ အောင်မြင်ရန်နှင့် အောင်ချက် ရာခိုင်နှုန်းမြင့်မားစေရေး မိဘ၊ ကျောင်းသား၊ ကျောင်းသူ၊ တာဝန် ရှိသူများအားလုံးက ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ တစ်ဦးချင်းစီ ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် စားသောက်ဖွယ်ရာများ ကိုလည်းကောင်း၊ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အတွက် ချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ရာ တာဝန် ရှိသူများက အသီးသီးလက်ခံရယူ ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက် လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

★ လျှပ်စစ်မှ

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက်အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံးအမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက်သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင်ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း(အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာအဆောက်အအုံ] **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ]<br>**မှတ်ချက်။**<br>**(၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။**<br>**(၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှုနိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက်မှု ( Load Shed) ရှိနိုင်ပါသည်။**<br>**(၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု / စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ် ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။** | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | **သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှုမရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု / စီးပွားရေးလုပ်ငန်းများ အမျိုးအစား** | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# နှလုံးလှကဗျာစုံတွဲ ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေးမြို့ မနော်ဟရီ ပန်းချီပြခန်းပိုင်ရှင် ပန်းချီဆရာ ဇော်မင်း၏ ပန်းချီပြခန်း ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "နှလုံးလှကဗျာ"ခေါင်းစဉ်ဖြင့် Artist Zaw Min & Htay Art တို့၏ စုံတွဲပန်းချီပြပွဲကို မတ် ၁ ရက်မှ ၃ ရက်အထိ မန္တလေးမြို့သစ်၊ ၅၆လမ်း၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြား "မနော်ဟရီ" ပန်းချီပြခန်းတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။ **(အောက်ဝဲပုံ)**










အဆိုပါပြပွဲတွင် Artist Zaw Min က ပန်းချီကား ၂၀ နှင့် Htay Art က ပန်းချီကား ၃၁ ကား ပြသမည်ဖြစ်ပြီး ဆီဆေး၊ အခရိုင်းလစ်၊ ရေဆေးအမျိုးအစားများဖြစ်သည်။ ပန်းချီကားအရွယ်အစားမှာ အသေးဆုံး ၁၀ လက်မ × ၁၄ လက်မအရွယ်မှ အကြီးဆုံး ၄ ပေ × ၆ ပေ အရွယ်အစားများ ပြသသွားမည်ဖြစ်သည်။"ကျွန်မတို့နှစ်ဦးရဲ့ သာယာလှပတဲ့ကမ္ဘာမှာ နှလုံးသားနဲ့ ရင်းပြီးမှ ဖန်တီးရေးဆွဲထားတဲ့ ရောင်စုံကဗျာတွေနဲ့အတူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပါတယ်"ဟု ပန်းချီဆရာမ Htay Art က ပြောသည်။ (ဝ၉၁)

# မြစ်ကြီးနားလေဆိပ်မှ ခရီးသည်တင်လေယာဉ်အား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယုတ်မာပက်စက်စွာ FPV Suicide Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထပ်မံထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ်၏ အဓိကလေကြောင်းဗဟိုချက်တစ်ခုဖြစ်သော အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်ကြီးနားလေဆိပ်အား KIAအဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီ ၁၂ မိနစ်ခန့်တွင် FPV Suicide Drone များအသုံးပြု၍ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန် ယုတ်မာပက်စက်သော ရည်ရွယ်ချက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် ဒေသခံပြည်သူများအပြင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထု တစ်ရပ်လုံးကပါ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ အဖွဲ့အစည်းအသီးသီးမှလည်း ကန့်ကွက်ရှုတ်ချလျက်ရှိကြရာ ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင်လည်း ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ဗိုင်ဝါးစာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်းတို့ကလည်း ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား မသမာသူများက ဖေဖော်ဝါရီလ ၂၀ ရက်ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်အပေါ် ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကချင်ပြည်နယ်၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်း

## ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ထွက်ခွာရန် ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် FPV Suicide Drone ဖြင့် ရည်ရွယ်ချက်ရှိရှိ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

## ဗိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်

မြစ်ကြီးနားလေဆိပ်၌ မန္တလေးမြို့သို့ ခရီးသည်များတင်ဆောင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ ATR-72-600 အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းအား အမည်မသိမသမာသူများအဖွဲ့က ဖေဖော်ဝါရီလ(၂၀)ရက် ညပိုင်းတွင် အမည်မသိ Drone ဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

ယခုကဲ့သို့ အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည့် အရပ်ဘက်လေကြောင်းလိုင်းနှင့် အများပြည်သူ အသုံးပြုလျက်ရှိသော လေယာဉ်ကွင်းများ၊ ကားလမ်းများ၊ အဆောက်အအုံများနှင့်နေရာများကို ပစ်ခတ်တိုက်ခိုက်လာနေသော အမည်မသိမသမာသူများအဖွဲ့အား ဗိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗိုင်ဝါးစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း
မြစ်ကြီးနားမြို့

# နိုင်ငံတကာ အားကစား သတင်းများ

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၇)၏ အကောင်းဆုံးကစားသမားအဖြစ် ဗစ်တာဂျိုကယ်ရက်စ် ရွေးချယ်ခြင်းခံရ

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

ပရီးမီးယားလိဂ်ပွဲစဉ်(၂၇)၏ အကောင်းဆုံးကစားသမားအဖြစ် အာဆင်နယ်အသင်း တိုက်စစ်မှူး ဗစ်တာဂျိုကယ်ရက်စ် ရွေးချယ်ခြင်း ခံခဲ့ရသည်။



အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက စပါးအသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုလို ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဗစ်တာဂျိုကယ်ရက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ပွဲ ကစားပြီး ၁၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဗစ်တာဂျိုကယ်ရက်စ်က "ကျွန်တော် အခုလို အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လာမယ့်ပွဲစဉ်တိုင်းမှာလည်း ယခုလို ရွေးချယ်ခံရဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အဲရစ်ရမ်ဆေးကို နည်းပြရာထူးမှ ဝက်စ်ဘရွန်းအသင်း ထုတ်ပယ်

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် အသင်းနည်းပြ အဲရစ်ရမ်ဆေးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဝက်စ်ဘရွန်းအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၃၄ ပွဲ ကစားအပြီးတွင် ရမှတ် ၃၅မှတ်ဖြင့် အဆင့်(၂၁)နေရာတွင် ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ အဲရစ်ရမ်ဆေးကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ အဲရစ်ရမ်ဆေးသည် ဝက်စ်ဘရွန်းအသင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲကိုးပွဲတွင် တစ်ပွဲမှ နိုင်ပွဲရှိအောင် စွမ်းဆောင်နိုင်မှု မရှိခြင်းကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

ဝက်စ်ဘရွန်းအသင်း၏ ထုတ်ပြန်ချက်တွင် "အဲရစ်ရမ်ဆေးကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## ပါဘလိုဒူရန် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၂၇**

ဆဲလ်တာဗီဂိုအသင်း တိုက်စစ်မှူး ပါဘလိုဒူရန် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဆဲလ်တာဗီဂိုအသင်းအား မာယော့ကာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ပါဘလိုဒူရန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဆဲလ်တာဗီဂိုအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ (ယာပုံ)



အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ပါဘလိုဒူရန်သည် ဆဲလ်တာဗီဂိုအသင်းနှင့် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ပွဲ ၂၀ကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။(NGB)

## ဗန်ဒီဗန်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၇**

ရီးရဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းနောက်ခံကစားသမား ဗန်ဒီဗန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၃ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒီဗန်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် စပါးအသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ဗန်ဒီဗန်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Yue Yuan တက်ရောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ တရုတ်တင်းနစ်မယ် Yue Yuan တက်ရောက်နိုင်ခဲ့သည်။



အဆိုပါ တရုတ်တင်းနစ်မယ် Yue Yuan သည် 2026 ATX Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဆလိုဗက်ကီးယားတင်းနစ်မယ် Rebecca Sramkova အား ၄-၆၊ ၇-၅၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

2026 ATX Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တရုတ်တင်းနစ်မယ် Yue Yuan နှင့် ဟန်ဂေရီတင်းနစ်မယ် Dalma Galfi တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၂-၂၀၂၆<br>ည ၈:၃၀ နာရီ | (၆)ကိုမို - လက်ချီ(၁၈)<br>(D,W,L,D,W) (D,L,W,W,L) | ကိုမို ၂-၀ လက်ချီ<br>လက်ချီ ၀-၃ ကိုမို |
| ၂၈-၂-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၂၀)ဗီရိုနာ - နာပိုလီ(၃)<br>(L,L,D,L,L) (W,W,L,D,L) | ဗီရိုနာ ၃-၀ နာပိုလီ<br>နာပိုလီ ၂-၀ ဗီရိုနာ |
| ၁-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁)အင်တာမီလန် - ဂျီနိုအာ(၁၄)<br>(W,W,L,W,L) (W,L,L,D,W) | အင်တာမီလန် ၁-၀ ဂျီနိုအာ<br>ဂျီနိုအာ ၂-၂ အင်တာမီလန် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၂-၂၀၂၆<br>ည ၁၀:၃၀ နာရီ | (၆)ရင်းနက်စ် - တူးလော့စ်(၁၀)<br>(L,L,L,W,W) (D,W,L,L,D) | ရင်းနက်စ် ၀-၂ တူးလော့စ်<br>တူးလော့စ် ၂-၁ ရင်းနက်စ် |
| ၁-၃-၂၀၂၆<br>နံနက် ၀၀:၃၀ နာရီ | (၈)မိုနာကို - အန်းဂါးစ်(၁၂)<br>(L,D,W,L,W) (D,W,W,L,L) | မိုနာကို ၀-၁ အန်းဂါးစ်<br>အန်းဂါးစ် ၀-၂ မိုနာကို |
| ၁-၃-၂၀၂၆<br>နံနက် ၀၂:၃၅ နာရီ | (၁၃)လီဟာဗာ - ပီအက်စ်ဂျီ(၁)<br>(D,L,W,W,L) (W,W,L,W,W) | လီဟာဗာ ၁-၄ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၂-၁ လီဟာဗာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၂-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁၅)ဗယ်လက်ကာနို - ဘီလ်ဘာအို(၈)<br>(L,L,L,W,D) (W,W,L,W,W) | ဗယ်လက်ကာနို ၁-၂ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၃-၁ ဗယ်လက်ကာနို |
| ၂၈-၂-၂၀၂၆<br>ည ၉:၄၅ နာရီ | (၁)ဘာစီလိုနာ - ဗီလာရီးရဲလ်(၃)<br>(W,W,L,L,W) (D,W,L,W,W) | ဘာစီလိုနာ ၂-၃ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၁-၅ ဘာစီလိုနာ |
| ၁-၃-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၈)မာယော့ကာ - ဆိုစီဒက်(၁၀)<br>(L,W,L,L,L) (W,W,W,L,D) | မာယော့ကာ ၁-၀ ဆိုစီဒက်<br>ဆိုစီဒက် ၀-၂ မာယော့ကာ |
| ၁-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၂၀)အိုဗီဒို - အက်သလက်တီကို(၄)<br>(L,L,W,L,D) (W,L,D,W,W) | ———— |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၂-၂၀၂၆<br>ည ၇:၀၀ နာရီ | (၈)ဘွန်းမောက် - ဆန်းဒါးလန်း(၁၂)<br>(W,W,D,W,D) (W,L,L,W,L) | ဘွန်းမောက် ၁-၂ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၁ ဘွန်းမောက် |
| ၂၈-၂-၂၀၂၆<br>ည ၉:၃၀ နာရီ | (၁၉)ဘန်လေ - ဘရန့်ဖို့ဒ်(၇)<br>(L,L,W,L,D) (W,W,D,W,L) | ဘန်လေ ၂-၁ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၃-၀ ဘန်လေ |
| ။ | (၆)လီဗာပူး - ဝက်စ်ဟမ်း(၁၈)<br>(W,L,W,W,W) (L,W,D,W,D) | လီဗာပူး ၂-၁ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၀-၅ လီဗာပူး |
| ။ | (၁၁)နယူးကာဆယ် - အဲဗာတန်(၉)<br>(W,W,W,L,W) (D,D,W,L,L) | နယူးကာဆယ် ၀-၁ အဲဗာတန်<br>အဲဗာတန် ၀-၀ နယူးကာဆယ် |
| ၁-၃-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၅)လီဒ်စ် - မန်စီးတီး(၂)<br>(L,W,D,W,D) (W,W,W,W,W) | လီဒ်စ် ၁-၃ မန်စီးတီး<br>မန်စီးတီး ၂-၁ လီဒ်စ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၂-၂၀၂၆<br>ည ၉:၀၀ နာရီ | (၆)လေဗာကူဆင် - မိန့်ဇ်(၁၃)<br>(D,W,W,L,D) (W,W,W,L,D) | လေဗာကူဆင် ၁-၀ မိန့်ဇ်<br>မိန့်ဇ် ၂-၂ လေဗာကူဆင် |
| ။ | (၁၄)မိုချန်ဂလာဘတ် - ယူနီယံဘာလင်(၉)<br>(L,D,D,L,L) (L,L,D,L,W) | မိုချန်ဂလာဘတ် ၁-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၁-၂ မိုချန်ဂလာဘတ် |
| ။ | (၃)ဟော်ဖန်ဟိမ်း - စိန့်ပေါ်လီ(၁၆)<br>(W,W,L,W,D) (L,L,W,L,W) | ဟော်ဖန်ဟိမ်း ၀-၂ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၁-၀ ဟော်ဖန်ဟိမ်း |
| ။ | (၁၇)ဝါဒါဘရီမင် - ဟိုင်ဒန်ဟိမ်း<br>(L,D,L,L,L) (L,L,L,L,D) | ဝါဒါဘရီမင် ၃-၃ ဟိုင်ဒန်ဟိမ်း<br>ဟိုင်ဒန်ဟိမ်း ၁-၄ ဝါဒါဘရီမင် |
| ၁-၃-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၂)ဒေါ့မွန် - ဘိုင်ယန်မြူးနစ်(၁)<br>(W,W,W,W,D) (D,W,W,W,W) | ဒေါ့မွန် ၁-၁ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၂-၂ ဒေါ့မွန် |



# အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**စဉ့်ကူး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက မင်္ဂလာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူခဲ့ကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ သံဃနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ ပါဝင်သည့် သံဃာတော် ၂၆ ပါးက မော်တော်ယာဉ်များဖြင့် စဉ့်ကူးမြို့သူ၊ မြို့သားများ၊ နယ်သူ၊ နယ်သားအပေါင်းတို့အား ဘေးအန္တရာယ်အပေါင်းမှ ကင်းငြိမ်းချမ်းသာစေခြင်းအကျိုးငှာ မြို့ပေါ်ရပ်ကွက်များအတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပရိတ်ရေ၊ ပရိတ်သဲများ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရွတ်ဖတ်ပူဇော်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများက လိုက်ပါ၍ ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**

# ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရမဇ္ဈိမ ရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းသည် ယမန်နေ့က ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာ၊ ကောင်းပင်စည်ကျေးရွာနှင့် ကုန်းရွာကျေးရွာသို့ သွားရောက်၍ သောက်သုံးရေ လိုအပ်နေသော ကျေးရွာနေပြည်သူများအား သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေလှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရမဇ္ဈိမရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နယ်၊ ကန်စောင့်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ ကောင်းပင်စည်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ ကုန်းရွာကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စုစုပေါင်း ရေဂါလန် ၉၆၀၀ အား ပွင့်လင်းရာသီကာလတွင် သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(၄၄၅)**



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ။**

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် မန္တလာ တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး) လေးဦး၊ ပါမောက္ခသုံးဦးနှင့် တွဲဖက်ပါမောက္ခ နှစ်ဦးတို့က ပို့ချဆွေးနွေးကြပြီး ပြင်ဦးလွင်ခရိုင် ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကြီးကြပ်၍ ပြင်ဦးလွင်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၄၁၂ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ ၅၇ ဦး၊ စုစုပေါင်း ၄၆၉ ဦး တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

# နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြားရှိ မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ သဘာပတိ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝေဝေထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်က သမဝါယမလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရှေ့လုပ်ငန်းစဉ်များကို ဦးထွန်းပိုင်ဦးက ဖတ်ကြားတင်သွင်းပြီး အသင်းစာရင်းစစ်အစီရင်ခံစာများကို စစ်ဆေးရေးအဖွဲ့မှ ဦးမြသူကျော်က ဖတ်ကြားတင်သွင်းကာ ဘဏ္ဍာရေး ရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများကို ဦးစီးမှူး ဦးပိုင်ပိုင်စိုးက ရှင်းလင်းပြောကြားသည်။

၎င်းနောက် သဘာပတိက ဘဏ္ဍာရေး ရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြု၍ အသင်းဝင်များက မေးမြန်းသည်များကို ပြန်လည်ဖြေကြားပြီး အသင်းဝင်များ၏အစုပေါ်အမြတ်များ၊ အသင်းဝင်မိသားစုဝင်များ၏ ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၅)

# ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့မဈေးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဆင်ပေါင်ဝဲမြို့မဈေးအတွင်းရှိ စားသောက်ဆိုင်များအား စစ်ဆေးခြင်းနှင့် မိုးရာသီကာလအတွင်း ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါအတွက် ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ ဓာတ်ဆားရည်ဖျော်နည်း၊ သန့်လေးသန့်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ခြင်းများအကြောင်း၊ အစားအသောက်များနှင့် ပတ်သက်၍ သန့်ရှင်းစွာထားရှိရန်နှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀

၀-၀-၀-၀

## သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက အရှေ့အေးမြကြည်လင်ရပ်ကွက်၊ အေးမြချမ်းသာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သဘာပတိ ဦးကြည်စိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက သမဝါယမလုပ်ငန်းများ အောင်မြင်ရေးကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် အခြေခံသမဝါယမအသင်းများ ပူးပေါင်း၍ ဆောင်ရွက်သွားရေးနှင့် သမဝါယမ အသင်းဝင်တစ်ဦးစီတိုင်း မိသားစုစားဝတ်နေရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က မြို့နယ်သမဝါယမဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးမှူး ဦးခိုင်ခိုင်ဇော်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးစာရင်းများအကြောင်း၊ အမှုဆောင်ဒါရိုက်တာအဖွဲ့မှ အတွင်းရေးမှူး ဦးတင်ထွဋ်က ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းများ၊ အသင်းစာရင်းစစ်ခေါင်းဆောင် ဦးတင်မောင်ဌေးက စာရင်းစစ်အစီရင်ခံစာများအကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သဘာပတိက မြို့နယ်သမဝါယမအသင်းစု လီမိတက်၏လုပ်ငန်းများအောင်မြင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



## အောင်ရတနာသံကူကွန်ကရစ် တံတားသစ်ဖွင့်ပွဲ ကျင်းပ



**မိတ္ထီလာ ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဂဠုန်ကုန်းကျေးရွာအုပ်စု၊ ရှင်မြို့ကျေးရွာ၌ အောင်ရတနာ သံကူကွန်ကရစ် တံတားသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သံကူကွန်ကရစ် တံတားသစ်ဖွင့်ပွဲတွင် ရှင်မြို့ကျေးရွာရာအိမ်မှူး ဦးသီဟက အောင်ရတနာသံကူကွန်ကရစ် တံတားသစ် ဆောက်လုပ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အဆိုပါတံတားသစ်အား တံတားဖြစ်မြောက်ရေး ကော်မတီဝင် ခါးကော့ကျေးရွာ ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇာနေယျ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးမြသွင်(ခ)ဦးမြင့်စန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဒေါ်ဖြိုးဘိုဘိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အောင်ရတနာတံတားမှာ အရှည် ၆၂ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၆ ပေရှိပြီး ယခင်ကသစ်သားဟောင်းမှာ မန္တလေးငလျင်ကြီးဒဏ်ဖြင့် ယိုင်လဲပျက်စီးမှု ဖြစ်ပေါ်ခဲ့ခြင်းကြောင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၃၇၀ ကျော် အကုန်ကျခံ၍ စုပေါင်းဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၅၃)

## နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ နွေရာသီကာလ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းများကို မြို့နယ်အားကစားကွင်းနှင့် မြို့နယ်အားကစားခန်းမတို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်ပေးလျက်ရှိသည့် နွေရာသီအားကစားသင်တန်းများမှာ ကရာတေး၊ ဘောလုံးနှင့် Physical Fitness Daance တို့ဖြစ်ပြီး မြို့နယ်အား/ကာမှူး ဦးအောင်ကိုကိုလတ်က နည်းပြအဖြစ် တာဝန်ယူထားသည့် ကရာတေးအားကစားနည်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ နည်းပြ ဦးသန်းစိုး တာဝန်ယူထားသည့် ဘောလုံးအားကစားနည်းတွင် သင်တန်းသား ၄၀ဦးနှင့် နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်း နည်းပြ တာဝန်ယူထားသည့် Physical Fitness Daance တွင် သင်တန်းသူ ၂၅ ဦးတို့ဖြင့် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။

အဆိုပါ သင်တန်းများကို ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက်လျက်ရှိကြပြီး သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ 'ကျောင်းသားတွေ အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်စေဖို့နဲ့ အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ နှစ်စဉ်နှစ်တိုင်း နွေရာသီအားကစားသင်တန်းတွေကို ကျောင်းပိတ်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး နှစ်စဉ် ဖွင့်လှစ်ပေးနေတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အနေနဲ့လည်း စိတ်ပါဝင်စားစွာ လာတက်ကြတယ်။ သင်တန်းကာလကိုတော့ တစ်လသတ်မှတ်ထားတယ်။ ဖေဖော်ဝါရီ ၁၄ ရက်က စဖွင့်ပြီး မတ် ၁၅ ရက် ဆိုရင် သင်တန်းပြီးမှာပါ' ဟု မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က ပြောသည်။

(အပေါ်ပုံ)

(၄၅၆)

၀-၀-၀-၀-၀

## မေမြို့ပန်း(ချင်းမိုင်မျိုး)ဘုရားပန်း စိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် မေမြို့ပန်း(ချင်းမိုင်မျိုး) ဘုရားပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးလုပ်ကိုင်ကြသူများ ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

'ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုန်းချောင်းရေနဲ့ မြေအောက်ရေတို့ကို အသုံးပြုပြီး မေမြို့ပန်း(ချင်းမိုင်မျိုး) ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းပြီး ပန်းတွေ ရောင်းချရာကနေ စိုက်ပျိုးကြသူတွေ ဝင်ငွေအကျိုးအမြတ်ရရှိတယ်။ မေမြို့ပန်း(ချင်းမိုင်မျိုး) ဘုရားပန်းက ငွေကျပ်(၁၀၀၊ ၁၅၀)နဲ့ ဝယ်ယူစိုက်ပျိုးရတယ်။ စိုက်ပျိုးမယ်ဆိုရင် ပန်းမစိုက်မီ မြေကို ထယ်ရေးညက်အောင် ထွန်ယက်ပြီး မြေဩဇာ၊ သဘာဝမြေဆွေး၊ သစ်ရွက်ဆွေးတို့ကို ရောနှောပြီး မြေဆီလွှာ ကောင်းမွန်အောင် ပြုပြင်တာ၊ မြေအစိုဓာတ်ရအောင် ရေလောင်းတာတွေ လုပ်ဆောင်ပေးရတယ်။ မြေအစိုဓာတ်ရအောင် သုံးလေးရက်လောက် နှပ်ထားပြီးရင် စတင်စိုက်ပျိုးလို့ရပါပြီ။ စိုက်ပျိုးပြီးတဲ့အချိန်မှာ ပန်းပင်တွေ ရှင်သန်ကြီးထွားစေဖို့ ရေဖျန်းပေးတာ၊ မြေဩဇာကျွေးတာ၊ အပင်အားဆေးဖျန်းတာတွေ ပြုလုပ်ပေးရတယ်။ စိုက်ပျိုးပြီး နှစ်လလောက် အကြာမှာ ပန်းတွေကို စတင်ချိုးယူ ရောင်းချလို့ရပါပြီ။ ကျွန်တော်တို့ဒေသက စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရရှိအောင် ဘုရားပန်းစိုက်ပျိုးရေးနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး လုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်' ဟု ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုအတွင်းရှိ ပိန္နဲတောကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ယောစုကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ စိုက်ပျိုးထွက်ရှိသော မေမြို့ပန်း(ချင်းမိုင်မျိုး) ဘုရားပန်းများမှာ လတ်ဆတ်မှုရှိပြီး တာရှည်ခံသည့်အတွက် ပြည်သူများက အကြိုက်တွေ့ဝယ်ယူကြသဖြင့် စိုက်ပျိုးသူများ ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)(၄၄၅)



## မြေပဲကို တစ်နှစ်ထက် တစ်နှစ် တိုးစိုက်လာ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်တွင် ဆောင်းသီးနှံမြေပဲဧက ၁၅၀၀၀ ကျော်အထိ နုတ်သိမ်းပြီးဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံမြေပဲကို ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးထားရာ ဇန်နဝါရီလ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ဧက ၁၅၀၀၀ ကျော်နုတ်သိမ်းပြီးနေပြီဖြစ်၍ တစ်ဧကလျှင် မြေပဲ ၇၄ တင်းကျော် ထွက်သည်။

'မြောင်မြို့နယ်မှာ မြေပဲစိုက်ကြတာ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်လာကြတယ်' ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

မြောင်မြို့နယ်အတွင်း မြေပဲစိုက်ပျိုးရာတွင် တစ်ဧက မျိုးတစ်တင်းခွဲစိုက်ပျိုးကြပြီး မျိုးစရိတ်၊ အလုပ်သမားလခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်း သိရသည်။

(အောက်ပုံ)(၃၉၄)



# အိုဘယ့်ချင်းမိုင်(၁၉)



ချင်းမိုင်ရဲ့ ညဥ့်ဦးယံဟာ ခါနွေဆန်းတော့မယ့် ဆောင်းနှောင်းလက်ကျန် အငွေ့အသက်တွေနဲ့ ငြိမ်းချမ်းသာယာနေတယ်။ 'ခုန်ကော'ရပ်ရှိ ရိုးရာစားသောက်ဆိုင်ကြီး အနုပညာဖျော်ဖြေရေးကွင်းပြင်မှာ ရွှေဧည့်သည်များက မြောက်ပိုင်းရိုးရာအစားအသောက်တွေကို အေးအေးချမ်းချမ်း စားသောက်နေပါတယ်။ မကြာမီ ချင်းမိုင်ရဲ့ ရိုးရာဂီတနဲ့ အနုသုခုမ အကအလှတွေကို ခံစားရတော့မယ့် အခြေအနေတွေကို တွေ့မြင်လာရပါပြီ။

**ဇာတ်ခုံအပြင်အဆင်**

ဇာတ်ခုံရဲ့ အသွင်အပြင်ဟာ ဂန္ထဝင်ဆန်ပါတယ်။ ဇာတ်ခုံရဲ့အလယ် နောက်ခံဟာ ကန့်လန့်ကာမဟုတ်ဘဲ ခိုင်ခံ့တဲ့ အဖြူရောင် ဆေးသုတ်ထားတဲ့ အင်္ဂတေနံရံမှာ ကျွန်းညိုရောင်ပန်းလက်ရာ သစ်သားပြားဝိုင်းကြီး တပ်ဆင်ထားတယ်။ ထိုသစ်သားပြားဝိုင်းကြီး အလယ်မှာ အချင်းဝက် လေးပေခန့်ရှိတဲ့ အနုစိတ်ပန်းလက်ရာ အဖြူရောင် သတ္တုပြားဝိုင်းကြီး တပ်ဆင်ထားတယ်။ အဝိုင်းဆိုသော်လည်း အနားများဟာ ခရေပန်းလို အတွန့်များနဲ့ ပုံဖော်ထားတယ်။ ဒါ့ပြင် ဇာတ်စင်ရဲ့ ညာဘက်ထောင့်မှာ ဝါးပတ္တလားနဲ့ ရှမ်းအိုးစည်၊ ဇာတ်စင်ရဲ့ ဘယ်ဘက်ထောင့်မှာ ဂျပ်(စ)နဲ့ အနောက်တိုင်း ဘင်သဏ္ဍာန်ဗုံတို့ကို မောင်းဆိုင်းနဲ့ တွဲဖက်ပြီး တပ်ဆင်ထားတယ်။ သူတို့ကလည်း မြန်မာ့ဆိုင်းဝိုင်းလို ခံ့ညားတဲ့ အကာအရံတန်ဆာဆင်မှုတွေ ပါတယ်။

ဒါ့ပြင် ပင်မနောက်ခံနံရံရဲ့ ဘယ်ညာတစ်ဖက်တစ်ချက်မှာ ရှေးဇင်းမယ်သူ မင်းသမီးကဟန် ပန်ချီကားနှစ်ချပ်နဲ့ ပုံဖော်ထားတယ်။ ပန်းချီကားထဲက ကချေသည်များဟာ ဦးခေါင်းပိုင်းဆံပင်ထုံးဖွဲ့မှု၊ နားဋောင်းဝတ်ဆင်မှု၊ ထိုင်မသိမ်းအင်္ကျီ၊ ချိတ်လုံချည်နဲ့ နွဲ့နှောင်းတဲ့ ကဟန်တို့က ရှေးမြန်မာနန်းတွင်းသူတို့ရဲ့ ဆင်ယင်ထုံးဖွဲ့မှုတို့နဲ့ ဆင်တူပါတယ်။ ဇာတ်စင်ရဲ့ အလယ်တည့်တည့် မြင်ကွင်းမှာ ဂီတသမား ခုနစ်ဦး ထိုင်နေပါတယ်။ ရှေ့လေးဦး၊ နောက်သုံးဦးပါ။ သူတို့ရဲ့ ဝတ်စုံက အနားကွပ်ပါတယ်။ သူတို့ ဝတ်ဆင်ထားတဲ့ နက်ပြာရောင်ချည်သားဘောင်းဘီပွကလည်း မြန်မာရှမ်းဘောင်းဘီနဲ့ တူပါတယ်။ ဂီတသမား ခုနစ်ဦးမှာ ဟွန်းတယောထိုးသူနှစ်ဦး၊ ဝါးပလွေမှုတ်သူတစ်ဦး၊ ဘင်ချိုလို ကြိုးတပ်တူရိယာတီးသူနှစ်ဦး၊ စည်းဝါးတီးသူတစ်ဦးနဲ့ ကျန်တစ်ဦးမှာ အဆိုသမားဖြစ်ဟန် ရှိတယ်။

**ဂီတရဲ့ စွမ်းအား**

တစ်ခေတ်တစ်ခါက 'ဂီတစွမ်းအား ပြည်ထွန်းကား'ဆိုတဲ့ အဆိုကို မြန်မာ့မြေမှာ လက်ကိုင်ပြုခဲ့ကြတယ်။ မှန်ပါတယ်။ တကယ်တော့ ဂီတဟာ နယ်စည်းမခြားတဲ့ ယဉ်ကျေးမှုတစ်ရပ်ပါ။ ဘယ်ဘာသာစကားနဲ့ သီကုံးထားတဲ့ ဂီတသံမဆို လူတွေရဲ့ စိတ်ကို ကြည်နူးအောင်၊ နှစ်သိမ့်အောင်၊ ပျော်ရွှင်အောင်၊ လွမ်းဆွေးအောင်၊ စိတ်အင်အားတက်ကြွလာအောင်၊ ဆွဲဆောင်စည်းရုံးရာမှာ အင်မတန် အစွမ်းထက်တဲ့ အနုပညာပစ္စည်း ဖြစ်ပါတယ်။ ဥပမာဆောင်ရရင် စိတ်ဆိုးပြီး အချိန်ကြာကြာ ငိုနေတဲ့ကလေးကို ချက်ချင်းအငိုတိတ်အောင် စွမ်းဆောင်နိုင်တာ ဂီတသံပဲ ဖြစ်နေပါတယ်။ ဒါ့အပြင် ဂီတအနုပညာနဲ့ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်ပါတယ်။

ထိုင်းတွေကတော့ ဂီတသုခုမကို မီးခိုးတိတ်စက်ရုံတွေလို့ တင်စားပြောဆိုကြတဲ့ ခရီးသွားလုပ်ငန်းနဲ့ တိုင်းပြည်ဝင်ငွေတိုးရေးကို ကောင်းစွာအသုံးချနိုင်တယ်လို့ ဆိုပါရစေ။ ဒါ့ပြင် ဂီတသံဟာ ချိုချိုသာသာပြောတဲ့ သာမန်စကားသံထက် သာယာနာပျော်ဖွယ် ဖြစ်တယ်လို့ ဆိုပါတယ်။ အသံသာမှုက နားဆင်သူအတွက် သဒ္ဒါလင်္ကာရဖြစ်သလို အနက်အဓိပ္ပာယ်ကို ပိုင်ပိုင်နိုင်နိုင် သိနိုင်တာကလည်း အတ္ထာလင်္ကာရ ဖြစ်ပါတယ်။

**မြန်မာတူရိယာများနှင့် အရှေ့တိုင်းတူရိယာများဆက်နွှယ်ပုံ**

မြန်မာတူရိယာအကြောင်းကို အနှစ်ချုပ်ပြောရရင် 'ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်'တို့ပါပဲ။ ဒါကို အနည်းငယ်ချဲ့ရင် ခရစ်သက္ကရာဇ် ၈၀၁-၈၀၂ ခုနှစ်က ယခုတရုတ်နိုင်ငံ၊ ယူနန်နယ်၊ နန်ချောင်မှ တရုတ်နိုင်ငံသို့ သွားရောက်ကပြတဲ့ ပျူယဉ်ကျေးမှုသဘင်အဖွဲ့မှာ တူရိယာပစ္စည်း ၂၂ မျိုး ပါဝင်ကြောင်း တရုတ်မှတ်တမ်းများက ဆိုပါတယ်။ ငြိမ့်ညောင်းသာယာ မြန်မာဂီတသံကို ဖန်တီးတဲ့ တူရိယာပစ္စည်းများက ပုဂံခေတ်မှာ ၁၉ မျိုးရှိကြောင်း စာပေမှတ်တမ်းများအရ သိရပါတယ်။

အင်းဝခေတ် အငြိမ့်သဘင်တွေမှာ မှတ်တမ်းပြုထားတဲ့ တူရိယာ ခြောက်မျိုးအမည်ကို တွေ့ရပါတယ်။ အဲ့ဒီ ခြောက်မျိုးက (၁)တယော၊ (၂)မိကျောင်း၊ (၃)စောင်း၊ (၄)ငြင်း၊ (၅)ပတ္တလား၊ (၆)အောင်းကလေးတို့ပါပဲ။ ဒီနေရာမှာ တယောက ကမ္ဘာသုံး တူရိယာ၊ ပတ္တလားနဲ့ စောင်းက မြန်မာ၊ ထိုင်းအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေမှာ အသုံးပြုနေဆဲ ဖြစ်တယ်။ မိကျောင်းစောင်းတီးပညာကိုတော့ မွန်တို့က ခမာနဲ့ ထိုင်းတို့ထံက ရပြီး မြန်မာက မွန်တို့ထံက ရတယ်လို့ ဆိုပါတယ်။ ဒါ့ပြင် မိကျောင်းစောင်းကို မျက်မှောက်ကာလတိုင် မွန်ပြည်နယ်အတွင်းက အချို့အရပ်ဒေသတွေမှာ အသုံးပြုနေဆဲဖြစ်တယ်။ သို့ပေမယ့် အထက်ဖော်ပြပါ တရုတ်ပြည်သွား ပျူသဘင်အဖွဲ့ အသုံးပြုတဲ့ တူရိယာ ၂၂ မျိုးထဲမှာ မိကျောင်းစောင်းပါဝင်ကြောင်း သိရတဲ့အတွက် မိကျောင်းစောင်း အသုံးပြုမှုဟာ ကာလကြာမြင့်ခဲ့ပြီလို့ မှတ်တမ်းပြုနိုင်ပါတယ်။ ငြင်းတူရိယာက မျက်မှောက်ကာလမှာ မမြင်ရလောက်အောင် အသုံးနည်းသွားပြီ။ 'အောင်းကလေး' တူရိယာက ယခုခေတ် 'ပုံသာကလေး'ကို ဆိုလိုတာလို့ မုံရွေး ဆရာတော်ရဲ့ မှတ်စုမှာ ဖော်ပြတယ်။

အထူးသိရသည်မှာ ပတ္တလားကို မွန်ဘာသာဖြင့် 'ဗာတ်ကလာ' ဟု ခေါ်ပြီး 'ဗာတ်'မှာ 'တီးမှုတ်ခြင်း'ကို ဆိုတယ်။ မွန်ဘာသာ 'ကလာ'မှ မြန်မာတလား(သေတ္တာ)ဟု ရွေ့လျားလာခြင်းဖြစ်တယ်။ မြန်မာသံနဲ့ ပတ္တလားဟု ခေါ်ခြင်းဖြစ်နိုင်တယ်လို့ သုတေသီတို့ ကြံဆလာခြင်း ဖြစ်တယ်။ ဒါ့ပြင် ပသျှူး၊ ယိုးဒယားတို့နဲ့ အရင်းနှီးဆုံး ခမာမှတစ်ဆင့် မွန်တို့ ရရှိပြီး မွန်တို့ထံမှတစ်ဆင့် မြန်မာက ရတယ်လို့ ဆိုပြန်တယ်။

ယခု တွေ့မြင်နေရတဲ့ ချင်းမိုင်ရိုးရာဂီတ အနုပညာအဖွဲ့များ အသုံးပြုနေတဲ့ အနုပညာပစ္စည်းများက ဟွန်းတယော၊ ရေမှုတ်ပုံတယော၊ ပလွေ၊ ဘင်ချို၊ ပတ္တလား၊ နှဲ၊ စခွံ့ဗုံ၊ အိုးစည်၊ မောင်းဆိုင်းနဲ့ လင်းကွင်းတို့ကို တွေ့ရပါတယ်။

**အနုအယဉ်တီးတူရိယာ၊ အကြမ်းအရိုင်းတီးတူရိယာ**

တူရိယာတွေထဲမှာ စောင်း၊ စည်၊ မောင်း၊ ပသာ၊ မိကျောင်း စတဲ့ တူရိယာတွေက အနုအယဉ်စပ်ထုံးတွေနဲ့ သောတအာရုံကို ဆွဲဆောင်ရာမှာ အသုံးပြုတဲ့ တူရိယာ၊ အိုးစည်၊ ဗုံတို၊ လင်းကွင်း၊ ပလွေ၊ နှဲ၊ မောင်း၊ ဝါးလက်ခုပ်တို့က အကြမ်းစပ်ထုံးတွေနဲ့ မြူးကြွတဲ့ နားသောတစည်းစိမ်ကိုပေးတဲ့ တူရိယာများ ဖြစ်တယ်။ ဒါ့အပြင် အိုးစည်၊ ဒိုးပတ်တွေက မြန်မာ့မြေမှာ နန်းတော်နဲ့မနီးတဲ့ ကျေးလက်တောရွာနေ လူတန်းစားတို့ရဲ့ အနှစ်သက်ဆုံး နှလုံးသည်းပွတ် ဂီတဖြစ်တယ်။ ထီးသုံးနန်းဟန်မဟုတ်တဲ့ အမျိုးသား ဂီတဆိုက မှားအံ့မထင်ပါ။ ဖန်တီးအသုံးပြုခဲ့တဲ့ သက်တမ်းလည်း ကြာမြင့်ခဲ့ပါပြီ။ သာဓက ဆောင်ရရင် ရှေးပုဂံခေတ်ဟောင်း သက္ကတမှ မာဂဓဘာသာကို ပြန်ဆိုခဲ့တဲ့ လောကီကျမ်းဟောင်းတစ်စောင်မှာ 'စည်'သုံးမျိုးကို ဖော်ပြပါတယ်။ အဲ့ဒီ သုံးမျိုးက (၁)အာတတစည် (ညာဘက်ပိတ်၍ ဘယ်ဘက်ဖွင့်သောစည်)၊ (၂)ဝိတတစည် (ဘယ်ဘက်ပိတ်၍ ညာဘက်ဖွင့်သောစည်)၊ (၃)အာတတ ဝိတတစည် (နှစ်ဖက်ပိတ်စည်)ဟူ၍ သုံးမျိုးကို ပြဆိုပါတယ်။

ဒီအချက်ကို ထောက်ဆပြီး အိုးစည်ဟာ တစ်ဖက်ပိတ်စည် အမျိုးအစားမှာ ပါဝင်ပြီး မျက်မှောက်ကာလရောက်မှ တီထွင်အသုံးပြုသော တူရိယာမဟုတ်ကြောင်း မှတ်သားရပါတယ်။ ဒါ့ပြင် အိုးစည်ဝိုင်းဂီတဟာ နောင်အနာဂတ်ကာလမှာလည်း ပျောက်ပျက်သွားမည် မထင်ပါ။

သို့သော် ခေတ်ကာလကြာမြင့်ခဲ့သည့်အလျောက် အိုးစည်ရဲ့ ပုံသဏ္ဍာန်နဲ့ အရွယ်အစားတို့ ပြောင်းလဲနိုင်ပါတယ်။ ယခု ချင်းမိုင်ညချမ်းမှာ ဖျော်ဖြေတီးခတ်နေတဲ့ အိုးစည်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ၊ တောင်ကြီးဒေသမှာ အသုံးပြုနေတဲ့ ရှမ်းအိုးစည်နီးပါး အရွယ်အစား တူညီပါတယ်။ ဝိုင်းတော်သားများကို ကြည့်လိုက်တဲ့အခါ အိုးစည်တီးသူတစ်ဦး၊ မောင်းကြီးတီးသူတစ်ဦး၊ မောင်းကလေးတီးသူတစ်ဦး၊ လင်းကွင်းတီးသူတစ်ဦးတို့ပဲ ဖြစ်တယ်။ မြန်မာ့ဒိုးပတ်ဝိုင်းကဲ့သို့ ဝါးလက်ခုပ်တီးသူ မပါချေ။

'နယဉ်ကျေး တူရိယာဖြစ်တဲ့ စောင်း၊ တယော၊ ပတ္တလားတို့က ဖန်တီးတဲ့ ငြိမ့်ညောင်းသော သံစဉ်နဲ့ အိုးစည်၊ ဒိုးပတ်ဝိုင်းတို့မှ ထွက်ပေါ်လာသော အသံတို့ကို နှိုင်းယှဉ်လျှင် နယဉ်ကျေးဂီတသံက အာရုံကြောများကို ငြိမ်သက်စေ၍ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတို့မှ ထွက်ပေါ်လာသော အသံတို့က ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောအားလုံးပါလာအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်'ဟု ဆရာကြီး ဒဂုံနတ်ရှင်က သူ့ရဲ့စာပေဝတ်ဆံ(၇)မှာ မှတ်ချက်ပြုထားပါတယ်။

ယခုလည်း ချင်းမိုင်ရဲ့ အိုးစည်ဝိုင်းတော်သားများက ခရီးသွားရွှေဧည့်သည်များကို တီးဟန်အသွယ်သွယ်နဲ့ အကြောပေါင်းတစ်ထောင် စိမ့်အောင် သောတအာရုံမှတစ်ဆင့် လှုံ့ဆော်နေပါပြီ။ အိုးစည်ဝိုင်းတော်သားများ၏ တီးခတ်သံနှင့်အတူ ဇာတ်ခုံရဲ့ရှေ့ကွင်းပြင်အလယ်မှာ ရှေးဟောင်းဇင်းမယ်သူဝတ်စုံနဲ့ အမျိုးသမီးပျိုဖြူသုံးဦးက ကိန္နရီကဟန်ကို ဖော်ဆောင်နေပါပြီ။ အစိမ်းရောင်ပိုးသားအောက်ခံဇင်းမယ်လုံချည် အဖြူရောင်ဖဲသားစအစင်းများကြောင့် ညချမ်းရဲ့ ဆလိုက်မီးရောင်အောက်မှာ တလက်လက်တောက်ပနေလို့ 'နတ်တို့ရဲ့ ချပ်ဝတ်တန်ဆာလား' ထင်မှတ်မှားရပြန်တယ်။ အဖြူရောင်ပိုးသားလက်ပြတ် ရင်ဖုံးအင်္ကျီက ခေတ်မီပြီး ဖြူဖွေးတဲ့ သူတို့ရဲ့ အသားအရေနဲ့ လိုက်ဖက်ပါတယ်။ ငွေရောင်အဆင်းရှိ ခါးပတ်၊ လည်တိုင်မှာ ဆွဲထားတဲ့ ဖြူလွလွ ပုလဲကုံးများနဲ့အတူ ပျော့ပျောင်းတဲ့ သူတို့ရဲ့ကဟန်က သွက်လက်တဲ့အပြင် စည်းချက်လည်း ကျပါပေ့။ ဒါ့ပြင် သူတို့ဦးခေါင်းက ခံ့ညားတဲ့ ဆံထုံး၊ အဖြူရောင်စက္ကူပန်းတွေက ဦးခေါင်းရဲ့ ညာဘက်ဘေးမှာ ပန်လို့ သူတို့ရဲ့နဖူးပေါ် ဆံထုံးရှေ့ကို လှပတဲ့ အဖြူရောင်ဆံကုတ်ကလေးတွေကို ထိုးစိုက်ထားတယ်။ အနီရောင်အဆင်းရှိ ကိန္နရီအတောင်ပံဟာ ထောင့်ချွန်များနဲ့ ပျော့ပျောင်းပြီး အတောင်ပံအဆင့်ဆင့် သုံးထပ်ခန့် ပါရှိတယ်။ ကိန္နရီမလေးများက သဘာဝအတိုင်း ပျံသန်းဟန် အတောင်ပံကို လှုပ်ရှားတဲ့အခါ ဖန်တီးထားတဲ့ ရောင်စုံမီးဆလိုက်များကြားမှာ တဖျပ်ဖျပ်နဲ့ ပန်းတင့်နေပြန်တယ်။

ဒါ့အပြင် နှစ်လိုဖွယ် အဖြူရောင်မွေးပွနဲ့ တိုးနရားသုံးကောင်ကလည်း ခေါင်းတဆတ်ဆတ် အမြီးတလှုပ်လှုပ်နဲ့ သဘာဝကို နီးနိုင်သမျှ သရုပ်တူပြကြတယ်။ တိုးနရားတစ်ကောင်စီကို လူနှစ်ယောက် ကတယ်။ ရှေ့လူက မတ်တတ်ရပ်ပြီး ဦးခေါင်းပိုင်းကို တာဝန်ယူတယ်။ နောက်လူက ခါးကုန်းပြီး ကိုယ်ထည်နဲ့ အမြီးပိုင်းကို တာဝန်ယူတယ်။ လမ်းလျှောက်ခြင်း၊ ဦးခေါင်းဆတ်ခြင်း၊ အမြီးလှုပ်ခြင်းတို့ကို သရုပ်တူပြုရာမှာ နှစ်ယောက်စလုံးက လိုက်ဖက်ညီအောင် ပူးပေါင်းလုပ်ဆောင်ရပါတယ်။

ဒီလို ကိန္နရီနဲ့ တိုးနရားကဟန်ကို မြန်မာနိုင်ငံ ရှမ်းတောင်ဒေသ မင်္ဂလာရှိတဲ့ အခမ်းအနားတွေမှာ ကကွက်ဖော်ကြတာကို တွေ့ရပါတယ်။ ယဉ်ကျေးမှုကူးစက်တာကတော့ နယ်စည်းမခြားပါ။ ထိုင်းတို့ကတော့ လက်ဦးမှု ယူနိုင်တယ်ဆိုရမလား။ ထိုင်းသင်္ကြန် 'ဆွမ်ခရမ်း'ကိုကြည့်၊ 'ယူနက်စကို'မှာ သူတို့က အရင်မှတ်တမ်းဝင်တယ်။ မြန်မာတို့ရဲ့ သင်္ကြန်က နောက်ကျပြီးမှ မှတ်တမ်းဝင်တယ်။ ဒါ့ပြင် ချင်းမိုင်ရဲ့ နာမည်ကျော် ခေါက်ဆွဲဟာ မြန်မာအုန်းနို့ခေါက်ဆွဲချက်ဟန်နဲ့ အတော်တူပါတယ်။ အချို့သော သုတေသီတွေက မြန်မာဟန်၊ မြန်မာရနံ့လွှမ်းနေတယ်လို့ ဆိုပါတယ်။

ပြာလဲ့လဲ့မိုးကောင်းကင်ရဲ့အောက် ရောင်စုံမီးများကြား အိုးစည်သံ တဗုံ့ဗုံ့၊ လင်းကွင်းသံ တချွမ်းချွမ်း၊ စည်းချက်ကျ မောင်းဆိုင်းသံ တနှောင့်နှောင့်နဲ့အတူ ဇင်းမယ်သူ ကိန္နရီမလေးများရဲ့ ကကွက်တွေကို အရွယ်စုံ၊ လူမျိုးစုံ ရွှေဧည့်သည်များက ဗီဒီယို၊ ဓာတ်ပုံ တဖျပ်ဖျပ်နဲ့ မှတ်တမ်းပြုကြလေရဲ့။

သန်းစိုးအောင်

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**အလုံ ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ အလုံမြို့နယ်၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားရာ တွင် ပုံမှန်အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ်သာ ပြုလုပ် သည့်အတွက် ဌာနဆိုင်ရာများမှ မပျက်မကွက်နှင့် အချိန်မီ တက် ရောက်ပေးကြရန်၊ မတ်လအတွင်း ကျင်းပမည့် စုဋ္ဌဘွဲ့နှင်းသဘင်၊ ပါဠိပထမပြန်စာမေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်၊ နွေရာသီ ရောက်လာပြီဖြစ်၍ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် သတိပြုဆောင်ရွက်ရန်၊ လုံခြုံရေး သတိပြုရန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များ၊ မှာကြားချက်များအား ရှင်းလင်း ခြင်း၊ ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေး ပို့ရန်ပြောကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာများ က မိမိတို့ဌာနများမှ ဆောင်ရွက် လျက်ရှိသည့်လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နေမှုများ ကို တင်ပြခြင်းနှင့် အုပ်ချုပ်ရေးမှူး များက မိမိတို့ရပ်ကွက်အလိုက် ဆောင်ရွက်နေသည့်ကိစ္စများအား တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ယောရော**

**(မြို့နယ်ပြန်/ဆက်)**

# အခြေခံအင်္ဂလိပ်စာ Grammar သင်တန်း(အခမဲ့)ဖွင့်လှစ်မည်

**မြို့သစ် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား နွေရာသီ ကျောင်းပိတ်ရက်ကာလများ၌ အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်စေရန်နှင့် အင်္ဂလိပ်စာအခြေခံ ဝေါဟာရများကို ကောင်းစွာ နားလည်သိရှိစေရန်အတွက် အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းကို မတ် ၁ ရက်မှစတင် ၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါအခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းတွင် မြို့ နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူ အသင်း (Book Club) အဖွဲ့ဝင် ဆရာ ဦးဌေးလွင်က သင်တန်း နည်းပြအဖြစ် ဆောင်ရွက်၍ အခြေခံပညာအလယ်တန်းအဆင့် Grade - 6 မှ Grade - 9 အထိ ကျောင်းသား၊ ကျောင်းသူများကို မတ် ၁ ရက်မှ ၃၁ ရက်အထိ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ အင်္ဂါ ၊ ဗုဒ္ဓဟူး)နေ့များ တွင် ညနေ ၅ နာရီမှ ၆ နာရီအထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

# သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများပေးအပ်ပွဲ ကျင်းပ

**အမရပူရ ဖေဖော်ဝါရီ ၂၇**

အမရပူရမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာနမှ အမရပူရမြို့နယ်၊ ရွှေတန်းစခန်း (၂) ဂျိုရွာတွင် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်ပွဲနှင့် တောင်သူနည်းပညာပေးနိုးနှော ဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။



အဆိုပါ သီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် မျိုးစေ့၊ ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် တောင်သူနည်းပညာ နှီးနှောဖလှယ် ပွဲသို့ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ မဟာအောင်မြေခရိုင် ဦးစီးမှူး ဦးရဲမင်းသောင်း၊ ခရိုင်၊ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူ ၅၂ ဦး တက်ရောက်ခဲ့ ကြပြီး စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးသည့် စပါးမျိုးများ သန့် စင်စေရန် မျိုးစေ့ဆားရည်စိမ် ခြင်း၊ ယူရီးယားဓာတ်မြေဩဇာ သုံးစွဲမှု အလေအလွင့်နည်းစေရန် သဘာဝမြေဩဇာနှင့် ယူရီးယား ဓာတ်မြေဩဇာသုံးအချိုးတစ် ရောစပ်နည်းနှင့် လက်တွေ့ရော စပ်ကြဲပက်ခြင်းများကို သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝဇင)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးလျက်ရှိ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြား များကို စာစစ်ဌာနအလိုက် တာဝန် ကျ ဆရာ၊ ဆရာမများက ထုတ် ပေးလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ် တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေ ဆိုခွင့်ကတ်ပြားများကို ဖေဖော် ဝါရီ ၂၄ ရက်မှစတင် ထုတ်ပေး လျက်ရှိပြီး စာမေးပွဲဖြေဆိုခွင့် ကတ်ပြားထုတ်ယူမည့် ကျောင်း သား၊ ကျောင်းသူများ အနေဖြင့် မှတ်ပုံတင်မိတ္တူနှင့် လိုင်စင် ဓာတ်ပုံတစ်ပုံ၊ အုပ်ထိန်းသူ မိဘ နှင့်အတူနေဖြစ်ပါက ပုံစံ ၁၀ မိတ္တူ ယူဆောင်၍ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ကိုယ် တိုင် လာရောက်ထုတ်ယူရမည် ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေး ပွဲကို တစ်မြို့နယ်လုံးအနေဖြင့် စာစစ်ဌာန သုံးခု ဖွင့်လှစ်ထား ရှိသွားမည်ဖြစ်ပြီး စက်မှု၊ စိုက် ပျိုး၊ မွေးမြူရေးအထက်တန်း ကျောင်းမှ ကျောင်းသား၊ ကျောင်း သူ ၅၂ ဦး အပါအဝင် ကျောင်း သား၊ ကျောင်းသူ စုစုပေါင်း ၂၅၈၃ ဦး ဖြေဆိုရန် စာရင်းပေး သွင်းထားကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။ (၄၅၆)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေ့

## နိုင်ငံ့ရတနာ ဖူးသစ်နေ

* တက္ကသိုလ်ဝင် အောင်ပန်းဆင်ရန်
သင်အံကြိုးစား ကျောင်းတော်သားတို့
ရက်များမကြာ တပေါင်းညာခွေ
စာဆိုဖြေရန် အချိန်တန်သည့်
ဂိမာန်နွေဦး ရောက်ခဲ့ပြီ။

* မိုးဦးမှသည် ဆောင်းဆီဖြတ်သန်း
နွေကိုလှမ်း၍ ကြိုးပမ်းခဲ့ကြ
သင်သမျှကို နေ့၊ ညကျက်မှတ်
ဘာသာရပ်များ ရလဒ်ကောင်းစေ
ကြိုးစားဖြေချိန် ရောက်ခဲ့ပြီ။

* ရည်ရွယ်ရာမှန်း ပန်းတိုင်လမ်းကို
ဖြောင့်တန်းသာယာ ရောက်လိုပါက
ဖွေရှာကြံဆ ဝီရိယနှင့်
လုံ့လလည်းပြု ရှေ့ကိုရှုသည့်
နိုးကြားမှုလည်း ရှိရမည်။

* သိပ္ပံ၊ ဝိဇ္ဇာ စိတ်သန်ရာကို
မှန်စွာအားထုတ် ရွေးချယ်နတ်၍
ကြိုးကုပ်ဖြေရှာ ရိုးသားစွာနှင့်
ဖြေလွှာသန့်ရှင်း အောင်မြင်ခြင်း၌
စိတ်ရင်းဖြူစင် ရှိရမည်။

* ဘဝဆစ်ချိုး မြေဦးပျိုးသည့်
အဖိုးတန်ပန်း အစဉ်လန်းစေ
ရှင်လန်းနေရန် ပို့ဝေမေတ္တာ
မြတ်ဆရာနှင့် မာတာပီတ
မိနှင့်ဖလည်း တောင်းဆုခြွေ
ဆွေသားမောင်ဘွား အားပေးနေ။

* ဩော်-----
သရုပ်အမှန် ကျောင်းသားစံနှင့်
သင်အံသမျှ တတ်သိကြစေ
ဖြေဆိုသမျှ အောင်မြင်ကြစေ
တပေါင်းနွေလ မှတ်ကျောက်ပေ
အနာဂတ်တွက် အားသစ်ဝေ
နိုင်ငံ့ရတနာ ဖူးသစ်နေ ။ ။

**ထိန်ထိန်လင်း**

(၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အတွက် ဂုဏ်ပြုရေးဖွဲ့ပါသည်။)

# လေရူးလေခရာ ရွက်ဝါကြွေချိန် နွေမိန်တပေါင်း

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလဖြစ်သည့် တပေါင်းလသည် 'တ'မှာ 'တန်း'အနက်ရှိသည်။ 'ပေါင်း'မှာ ကျိုချက်ခြင်းအနက် ဖြစ်သည်။ ထို့ကြောင့် 'ထန်းရည်များ ပေါင်းစပ်ကျိုချက်သည့်အခါသမယ'ဟု ပြဆိုခြင်းဖြစ်ကြောင်း လေ့လာမှတ်သား သိရှိရပါသည်။ နေမင်းကို 'တပ'ဟု ခေါ်သည်။ ပါဠိဝေါဟာရတွင် 'တပ'သည် ပူဇော်ခြင်း အနက်ဆောင်၏၊ 'နွေဥတု'ဟုလည်း ပြဆို၏။ ထို့ကြောင့် 'တပ'၏ အနက်မှာ 'တပေါင်း'ဟု ခေါ်တွင်ကြောင်း ပြဆိုကြသည်။

ရှေးမြန်မာဘုရင်မင်းများလက်ထက် ပုဂံခေတ်တွင် ရေးထိုးထားသော ကျောက်စာများတွင် 'တပေါင်းလ' ကို 'တပေါင်လ' ဟု ရေးကြသည်။ အင်းဝခေတ်ရောက်သောအခါ ဝစ္စနှစ်လုံးပေါက်ထည့်၍ ရေးထိုးပေါ်ပေါက်လာသည့်အတိုင်း 'တပေါင်း' ဟု ရေးထုံးစဉ်လာပြုကြပါသည်။

တပို့တွဲလ၌ ထွက်လာသော 'နှင်း' နှိပ်ထားသည့် ထန်းဖူး ထန်းခိုင်များကို တပေါင်းလရောက်သောအခါ ထန်းရည်ခံကာ ထွက်လာသော ထန်းရည်များကို ပေါင်းစပ်ကျိုချက်သဖြင့် 'ထန်းပေါင်း'ဟူသော စကားမှ ရွေ့လျားလာသော် 'တပေါင်းလ'ဟု ခေါ်တွင်လာပါသည်။ မြန်မာစာပေများမှ ရှေးထုံးစဉ်လာဖြစ်ကြောင်း ရှေးစာဆိုပညာရှင်များက ရေးသားဖော်ပြခဲ့ကြပါသည်။

'တပေါင်းသာခေါင် လများနောင်'ဟု ခေါ်ဝေါ်သည့်အတိုင်း တပေါင်းလသည် နွေဦးကာလရောက်လာ၍ သစ်ပင်သစ်ခက်များ ရွက်နုဝေဆာဖြာကျလာပါသည်။ မြစ်ချောင်းများ တသွင်သွင် စီးဆင်းနေကြပါသည်။ စိမ့်ရေ၊ စမ်းရေများလည်း တငြိမ့်ငြိမ့် စီးဆင်းနေကြပါသည်။ မိုးကောင်းကင်တစ်ခွင်လုံး မြူတွေမဆိုင်းဘဲ ဝါ၊ စိမ်း၊ နီ၊ ပြာ တိမ်လွှာလေးများ ရောင်စုံလွှမ်းခြုံလျက် မိန်ရာသီ တပေါင်းလ၏ သာယာကြည်နူးဖွယ် အလှအပများကို မြတ်နိုးစွာ ရာသီဖွဲ့များစွာကို စာဆိုရှင်များက ရေးဖွဲ့ကြပါသည်။

မိန်ရာသီတပေါင်းလ၏ လှပသာယာကြည်နူးဖွယ်များကို ကဗျာရေးဖွဲ့ပုံအမျိုးမျိုးဖြင့် ရေးဖွဲ့သီကုံးခဲ့ကြပါသည်။ မြန်မာ့စာပေပညာရှင် စာဆိုတော်များဖြစ်ကြသည့် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ နတ်ရှင်နောင်၊ နဝဒေး၊ ဝန်ကြီးပဒေသရာဇာ၊ တွင်းသင်းမင်းကြီး၊ ဦးထွန်းညို(မဟာအတုလမင်းကြီး)၊ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ ဦးကြော့၊ ဦးကြင်ဥ၊ ဦးပုည၊ မြဝတီမင်းကြီး ဦးစ အစရှိသည့် စာဆိုတော်ကြီးများသည် တပေါင်းလ၏ လှပသာယာကြည်နူးဖွယ်၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်၊ ရင်ဖိုလွမ်းမောဖွယ်များကို ရေးသားဖွဲ့ဆိုခဲ့ကြသည်ဟု ရှေးစာပေကျမ်းဂန်များမှ ဖတ်ရှုလေ့လာမှတ်သား သိရှိရပါသည်။

ရှေးအခါက မြတ်ဗုဒ္ဓ၏ ဘာသာ၊ သာသနာတော်ပြန့်ပွားထွန်းကား ထုံမွှမ်းလျက်ရှိသော မြန်မာနိုင်ငံသည် တပေါင်းလပြည့်နေ့ကို ဗုဒ္ဓမြတ်စွာဘုရား 'ပြည်တော်ဝင်အခါတော်နေ့' အဖြစ် သတ်မှတ်ကျင်းပခဲ့ကြ၏။ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်များ၊ သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲများ၊ ရှင်ပြု၊ နားသ အလှူတော်ပွဲများနှင့် အလှူဒါနထုံမွှမ်းသောလ ဖြစ်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာပွဲတော်အဖြစ် တပေါင်းလပြည့်နေ့မှာ သဲပုံစေတီပူဇော်ပွဲ ကျင်းပကြပါသည်။ လပြည့်နေ့မတိုင်မီ အဖိတ်နေ့တွင် သဲပုံစေတီကို တည်ထားလေ့ရှိပါသည်။ မြစ်ကမ်းပါး၊ ချောင်းနံဘေးတွင်ရှိသော ညီညာပြန့်ပြူးသည့် သဲသောင်ပြင်ပေါ်တွင် စနစ်တကျ ညီညာစွာ ရစ်ခွေထားပြီး ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့် ငွေရောင်တောက်ပနေသည့် သဲဖြူလွလွလေးများကို လောင်းထည့်ရသည်။ စေတီတော်ပုံအတိုင်း ဖောင်းရစ်များဖြင့် အထက်ငှက်ပျောဖူးတိုင်အောင် ကြီးစဉ်ငယ်လိုက် ဝါးခွေများကို ဆင့်ခံပြီး သဲထည့်ရကြသည်။ စေတီတော်ဉာဏ်တော်ကိုးတောင်(သို့မဟုတ်)ခုနစ်တောင်အမြင့်ရောက်ပြီး စေတီတော်တစ်ဆူပုံသဏ္ဌာန် ပေါ်လာသည့်အခါ စက္ကူထူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင် ပန်းလည်တိုင်ထိုးကာ ထီးဖြူဖြူများ ကပ်လှူကြသည်။

တပေါင်းလပြည့်နေ့တွင် သဲပုံစေတီတော်ကို အနေကဇာတင်ခြင်း၊ ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်သည့် ပွဲကို အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ တရားတော် နာယူပြီးသောအခါ အာဟာရဒါန ဧည့်ခံကျွေးမွေး လှူဒါန်းကြပြီးနောက် သဲပုံစေတီပွဲတော် အောင်မြင်စွာ ပြီးစီးပြီးမြောက်ပါသည်။

ဆောင်းနှောင်းကာလ နွေဦးအစ တပေါင်းလသည် 'နေ့ပူညချမ်း တပေါင်းလသရမ်း'ဟူသော ဆိုရိုးစကားအတိုင်း နေ့လယ်ပိုင်းတွင် နေအပူရှိန် အလွန်ပူပြင်းပြီး ညပိုင်းတွင် ချမ်းအေးသောလဖြစ်ပါသည်။ တောင်လေသွေးကာ မိုးရန့်လေးများ သင်းပျံ့လာသည်။ ညဉ့်အခါတွင် အအေးဓာတ်ကြောင့် ပို၍ အေးမြပါသည်။ 'တပေါင်းတန်ခူး မိုးသားကျူး'ဟူသော ဆိုရိုးစကားအတိုင်း ကောင်းကင်တစ်ခိုတွင် တိမ်ဦးလေပြည်တို့ဖြင့် မှုန်မှိုင်းရီဝေနေသည်။ မိုးရွာမလိုနှင့် မိုးလုလင်တို့က နတ်စည်ခြိမ်းသံပေးကာ ကြွေးကြော်နေကြပါသည်။ ယနေ့အချိန်ကာလမှာ ရာသီဥတု တောတောင်ရေမြေ ပြောင်းလဲမှု၊ အပူအအေးမညီမျှ ပြောင်းလဲလာမှုကြောင့် မိုးရွာသွန်းခြင်း မမှန်ကန်တော့ပါ။

တပေါင်းလမှာ ချောင်းရိုးတစ်လျှောက် နီနီရဲရဲပွင့်နေကြသော လက်ပံပွင့်များကလည်း နွေရာသီ၏ နှစ်စဉ်နှစ်တိုင်း မရိုးနိုင်သော သဘာဝအလှတရားများသည် နွေဦးရာသီပန်းချီကား တစ်ချပ်ပမာ လှလှပပ တန်ဆာဆင်နေပါသည်။ တပေါင်းလတွင် ပွင့်သော လက်ပံပွင့်များကို မိန်းကလေးများ ပန်ဆင်လေ့မရှိပါ။ ဘုရားပန်းအိုးများမှာလည်း မမြင်တွေ့ရပါ။ မင်္ဂလာဆောင်များတွင်လည်း အသုံးမပြုကြပါ။ ပွဲလမ်းသဘင် အခမ်းအနားများတွင်လည်း အလှပြပန်းအိုးများအဖြစ် အလှဆင်ခြင်း မပြုကြပါ။ တပေါင်းလ၏ ရာသီပန်းစာရင်းတွင် သရဖီပန်းနှင့် အင်ကြင်းပန်းသာ တွေ့ရ၍ လက်ပံပွင့်ကို ရာသီပန်းစာရင်းတွင် ထည့်သွင်းထားခြင်း မတွေ့ဖူး၊ မမြင်ဖူးပါ။ သို့သော် လက်ပံပွင့်သည် မြန်မာ့စားသောက်ဖွယ်ရာ အစားအစာဟင်းလျာများတွင် အရသာရှိရှိ ချက်ပြုတ်စားသောက်ရသော သဘာဝဟင်းချက်စရာတစ်မျိုး ဖြစ်ပါသည်။

လက်ပံပွင့်ချိန်တွင် ကျေးငှက်သာရကာတို့သည် အုပ်စုလိုက်လာရောက်စားသောက်လေ့ရှိပါသည်။ ထိုအုပ်စုများထဲတွင် 'ဆက်ရက်'များက အကဲဆုံးဖြစ်ပါသည်။ အကောင်ပေါင်း ရာချီသော 'ဆက်ရက်'အုပ်ကြီးသည် လက်ပံပင်ကြီးများပေါ်တွင် လာရောက်နားခိုလျက် လက်ပံပွင့်၏ ဝတ်ဆံဝတ်ရည်များကို စားသောက်ရင်း တစ်ကောင်နှင့်တစ်ကောင် မမောနိုင်၊ မပန်းနိုင် တွတ်တီးတွတ်တာစကားများကို ပြောဆိုနေကြပါသည်။ ထို့ကြောင့် စကားများ ပြောသူများကို 'လက်ပံပင် ဆက်ရက်ကျသလို'ဟူ၍ ခိုင်းနှိုင်းကြပါသည်။ လက်ပံပွင့်သည် နေပူရှိန် အလွန်ပူပြင်းသော နွေခေါင်ခေါင်ရာသီတွင် နေပူဒဏ်ကို မကြောက်မရွံ့ သစ္စာရှိရှိ ပင်လုံးကျွတ်မျှ နီနီရဲရဲပွင့်သော ပန်းတစ်မျိုးဖြစ်သောကြောင့် အလွန်နှစ်သက်ကြည်နူးစရာကောင်းပါသည်။

နွေဦးရောက်လျှင် လေရူးမွှေနှောက်၍ လက်ပံပင်ပေါ်မှ သစ်ရွက်ခြောက်များ လေထဲမှာ ဝဲပျံကာ တလွင့်လွင့်ကြွေနေသည့် မြင်ကွင်းမှာ ရင်ခုန်ကြည်နူးစရာ လွမ်းမောဖွယ်ရာ ကောင်းလှပါသည်။ လက်ပံပွင့်တွေ ကြွေနေသော လက်ပံပင်အောက်ခြေတွင် ဖျာခင်းထားသကဲ့သို့ ရဲရဲနီအောင် ကြွေတတ်ပါသည်။ ထိုအချိန်တွင် ကျေးရွာအတွင်းမှာရှိသော ကျေးရွာသူ မိန်းမပျိုလေးများသည် ခမောက်လေးတွေ ကိုယ်စီဆောင်းပြီး သီချင်းသံပြိုင် သီဆိုကာ လက်ပံပွင့်ကောက်ကြပါသည်။

မိန်ရာသီ တပေါင်းလတွင် မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်အလာမပျက် သာသနာတော်သုံးရပ် တိုးတက်ထွန်းကားပြန့်ပွားလာစေရန်အတွက် ကျင်းပသောနေ့ မြတ်စွာဘုရား 'ပြည်တော်ဝင်အခါတော်နေ့' ရှိသကဲ့သို့ မြန်မာတို့၏ အသက်သွေးကြောဖြစ်သော တောင်ယာလယ်လုပ်ငန်းများကို တိုင်းပြည်သာယာစည်ပင်ဖွံ့ဖြိုးတိုးတက်အောင် အားကြိုးမာန်တက် ထမ်းရွက်ကြသည့် တောင်သူလယ်သမားများကို ဂုဏ်ပြုကျင်းပသည့်နေ့ 'တောင်သူလယ်သမားနေ့'လည်း ရှိပါသည်။

တပေါင်းလတွင် မိုးလေကင်းစင်သာယာခြင်း၊ နေရောင်ခြည်လုံလောက်စွာရရှိသဖြင့် ပန်းပေါင်းစုံဖူးပွင့်ခြင်း၊ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်ခေတ္တနားချိန်၊ စာသင်ကြားကြသည့် ကျောင်းသား၊ ကျောင်းသူများ အတန်းတင်စာမေးပွဲကြီး ပြီးဆုံးချိန်ဖြစ်သဖြင့် မိဘများက ဘုရားဖူးပို့ပေးခြင်း၊ လေ့လာရေးအပန်းဖြေခရီးထွက်ခြင်းများ ပြုလုပ်ကြပါသည်။

တောင်သူလယ်သမားဦးကြီးများသည် တစ်မိုးတွင်းလုံး စိုက်ပျိုးခဲ့သမျှ တစ်ဆောင်းတွင်းလုံး ရိတ်သိမ်းလေ့ရှိသော နိုင်ငံတော်အတွက် စားနပ်ရိက္ခာ၊ ဆန်စပါးသစ်များ ပေါ်ထွက်လာပါသည်။ ကောက်ဦးကောက်သစ်များဖြင့် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပူဇော်ပွဲများ၊ တပေါင်းလဘုရားပွဲတော်များ ကျင်းပကြပါသည်။ အထူးသဖြင့် တပေါင်းလတွင် 'တောင်သူလယ်သမားနေ့' အထိမ်းအမှတ် အခမ်းအနားများတွင် တောင်သူလယ်သမားမိသားစုများ စိတ်ပျော်ရွှင်ကြည်နူးစွာ ပျော်ပျော် ပါးပါး ပါဝင်ဆင်နွှဲကြပါသည်။

တပေါင်းလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံကာကွယ်ရေးတွင် ထူးချွန်ထက်မြက်ကျွမ်းကျင်သော စစ်သည်သူရဲကောင်းများ ပေါ်ထွက်လာစေခြင်းအတွက် ဂုဏ်ပြုကျင်းပသော ထူးမြတ်သည့်နေ့ 'တပ်မတော်နေ့'လည်း ရှိပါသည်။

နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝရဝင့်ထည်စွာ ရပ်တည်နိုင်ရန်အတွက် အင်အားတောင့်တင်းပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ရှိနေရန် အမှန်တကယ်လိုအပ်ပါသည်။ တပ်မတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများအားလုံး ထာဝစဉ် ဦးထိပ်ပန်ဆင်ထားရမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော 'ဒို့တာဝန်အရေးသုံးပါး' ကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

ထို့ကြောင့် မှန်မြတ်သော စိတ်ထား၊ မြင့်မြတ်သော စိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်များဖြင့် အမျိုးသားရေးတာဝန်များကို နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များက ဆက်လက်ပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မိုးထက်ကို(အမရပူရ)

တပေါင်းလပြည့်နေ့မှာ သဲပုံစေတီပူဇော်ပွဲ ကျင်းပကြပါသည်။ လပြည့်နေ့မတိုင်မီ အဖိတ်နေ့တွင် သဲပုံစေတီကို တည်ထားလေ့ရှိပါသည်။ မြစ်ကမ်းပါး၊ ချောင်းနံဘေးတွင် ရှိသော ညီညာပြန့်ပြူးသည့် သဲသောင်ပြင်ပေါ်တွင် စနစ်တကျ ညီညာစွာ ရစ်ခွေထားပြီး ဝါးခွေကြီးများကို တစ်ဆင့်ပြီး တစ်ဆင့် ငွေရောင်တောက်ပနေသည့် သဲဖြူလွလွလေးများကို လောင်းထည့်ရသည်။ စေတီတော်ပုံအတိုင်း ဖောင်းရစ်များဖြင့် အထက် ငှက်ပျောဖူးတိုင်အောင် ကြီးစဉ်ငယ်လိုက် ဝါးခွေများကို ဆင့်ခံပြီး သဲထည့်ရကြသည်။ စေတီတော်ဉာဏ်တော်ကိုးတောင်(သို့မဟုတ်)ခုနစ်တောင်အမြင့်ရောက်ပြီး စေတီတော်တစ်ဆူ ပုံသဏ္ဌာန်ပေါ်လာသည့်အခါ စက္ကူထူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင် ပန်းလည်တိုင်ထိုးကာ ထီးဖြူဖြူများ ကပ်လှူကြသည်။

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## အစ္စရေးနှင့်ကာကွယ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ထုတ်ဖော်ပြောကြား

**ဒေလီ ဖေဖော်ဝါရီ ၂၇**

နှစ်ရက်ကြာ ခရီးစဉ်အပြီးတွင် အိန္ဒိယနှင့် အစ္စရေးနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ကို ဖော်ဆောင်နေစဉ်အတွင်း ကာကွယ်ရေးနည်းပညာကဏ္ဍ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ယမန်နေ့က ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကြာသပတေးနေ့က ဂျေရုဆလင်မြို့တွင် ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ မိုဒီနှင့် ၄င်း၏အစ္စရေးနိုင်ငံသား ရာထူးတူပုဂ္ဂိုလ် ဘင်ဂျမင်နက်တန်ယာဟု တို့က နှစ်နိုင်ငံအကြား နှစ်ဖက်သဘောတူညီချက် တစ်ဒါဇင်ကျော်ကို ချုပ်ဆိုခဲ့ကြသကဲ့သို့ ဉာဏ်ရည်တုနည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးကဲ့သို့သော နည်းပညာရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အနာဂတ်သည် ဆန်းသစ်တီထွင်သူများအတွက်သာ ဖြစ်ပြီး အိန္ဒိယနှင့် အစ္စရေးတို့သည် ဆန်းသစ်တီထွင်မှုအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေကြကြောင်း နက်တန်ယာဟုက ပြောကြားသည်။

မိမိတို့သည် ဂုဏ်ယူဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှုများ ရှိပြီး မိမိတို့၏ အတိတ်သမိုင်းအပေါ် အလွန်ဂုဏ်ယူသော်လည်း အနာဂတ်ကို ဖော်ဆောင်ရန်အပြည့်အဝ သန္နိဋ္ဌာန်ချထားကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် နှစ်နိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်မည်ဟု ၄င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**



## ဆမ်ဆောင်း ဂလက်ဆီအက်စ် ၂၆ စီးရီး မော်ဒယ်အချို့ အက်စ် ၂၅ ထက် ၂၀ ရာခိုင်နှုန်းခန့်အထိ ဈေးပိုမြင့်နေ

**ဘန်ကောက် ဖေဖော်ဝါရီ ၂၇**

မှတ်ဉာဏ်အစိတ်အပိုင်း စရိတ်များ မြင့်မားလာခြင်းကြောင့် ဆမ်ဆောင်း၏ နောက်ဆုံးထွက် အဆင့်မြင့် စမတ်ဖုန်းသစ်များ၏ မိတ်ဆက်ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ထိုင်းနိုင်ငံတွင် အသစ်ထွက်ရှိလာသည့် ဂလက်ဆီအက်စ် ၂၆ စီးရီး မော်ဒယ်အချို့သည် ယခင်ထွက်ရှိခဲ့သော အက်စ် ၂၅ မော်ဒယ်များထက် ၂၀ ရာခိုင်နှုန်းခန့်အထိ ဈေးနှုန်းပိုမိုမြင့်မားနေကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီသည် ယခုသီတင်းပတ်အတွင်း ဂလက်ဆီအက်စ် ၂၆ စီးရီးကို ထုတ်ဖော်ပြသခဲ့ပြီး အဆင့်မြင့် စမတ်ဖုန်းဈေးကွက်တွင် အခြားဖုန်းများနှင့် မတူကွဲပြားစေမည့် အဓိကအချက်အဖြစ် ဖုန်းအတွင်း တိုက်ရိုက်အသုံးပြုနိုင်သော ဉာဏ်ရည်တု (အေအိုင်)နည်းပညာကို ထည့်သွင်းဖော်ပြခဲ့သည်။

အဆင့်မြင့် စမတ်ဖုန်းဈေးကွက်၌ ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာချိန်တွင် ကုမ္ပဏီအနေဖြင့် ကလောက်စနစ်အပေါ်တွင်သာ မှီခိုခြင်းမရှိဘဲ ဖုန်းအတွင်း၌ပင် ပိုမိုနက်ရှိုင်းစွာ လုပ်ဆောင်နိုင်သော ဉာဏ်ရည်တုစနစ်ကို ပေါင်းစပ်ထည့်သွင်းခြင်းက မြင့်မားသောဈေးနှုန်းများအတွက် ခိုင်လုံသော အကြောင်းပြချက်ဖြစ်နိုင်ကြောင်း သိရသည်။ **Mon**

## အရေးပါသော နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲများ၌ သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ကြသည်ဟု ဆို

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၇**

နျူကလီးယားဆိုင်ရာ ဂျီနီဗာဆွေးနွေးပွဲများ၌ အမေရိကန်နှင့် အီရန်အရာရှိများသည် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ကြသည်ဟု အိုမန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

သို့ရာတွင် စစ်ပွဲဖြစ်ပွားမှုကို ရှောင်လွှဲနိုင်မည့် သဘောတူညီ ချက်တစ်ရပ်ရရှိရန် အလားအလာမှာမူ ရှင်းလင်းမှု မရှိသေးဘဲ ရှိနေသည်။

နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များသည် ၄င်းတို့၏ နိုင်ငံတော်မြို့တော်များ၌ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ဆွေးနွေးပွဲများကို မကြာမီပြန်လည်စတင်ရန် စီစဉ်ထားကြောင်းနှင့် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများကို လာမည့်အပတ်တွင် ဗီယင်နာမြို့၌ ပြုလုပ်သွားမည်ဟု ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ခဲ့သည့် ဘာဒါ အယ်လ်ဘူဆိုက်ဒီက ရှင်းလင်းပြောကြားသည်။

အီရန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရက်ချီက ကောင်းမွန်သော တိုးတက်မှုများ ရှိခဲ့ကြောင်းနှင့် အချို့သောကိစ္စရပ်များတွင် သဘောတူညီမှု ရရှိခဲ့သော်လည်း အခြားအချက်များတွင်မူ သဘောထားကွဲလွဲမှုများ ကျန်ရှိနေသေးကြောင်း ပြောကြားသည်။

နောက်တစ်ကြိမ် ဆွေးနွေးပွဲများကို တစ်ပတ်မပြည့်မီသော အချိန်အတွင်း ကျင်းပသွားမည်ဟု ၄င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**



## ကဘူးလ်အပါအဝင် အာဖဂန်နစ္စတန်၏ အဓိကမြို့များကို ပါကစ္စတန်တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၇**

ပါကစ္စတန်နိုင်ငံသည် ကဘူးလ်မြို့တော် အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံရှိ အဓိကမြို့ကြီးများကို ဖေဖော်ဝါရီ ၂၇ ရက်က ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လပေါင်းများစွာ အပြန်အလှန် ပဋိပက္ခများ ဖြစ်ပွားပြီးနောက် အိမ်နီးချင်းနိုင်ငံနှစ်ခုသည် ပွင့်လင်းစစ်ပွဲအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်က အာဖဂန်မြို့တော်နှင့် တာလီဘန်အာဏာပိုင်တို့၏ တောင်ဘက်အခြေစိုက်စခန်းကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကဘူးလ်နှင့် ကန်ဒါဟာမြို့ရှိ အေအက်ဖ်ပီသတင်းထောက်များသည် ပေါက်ကွဲသံများနှင့် တိုက်လေယာဉ်များ ပျံသန်းသံများကို ကြားခဲ့ရသည်။

ပါကစ္စတန်၏ အစောပိုင်း လေကြောင်းတိုက်ခိုက်မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် အာဖဂန်တပ်ဖွဲ့များက ပါကစ္စတန်နယ်ခြားစောင့် တပ်ဖွဲ့များကို ကြာသပတေးနေ့ညတွင် တိုက်ခိုက်ခဲ့ပြီးနောက် ယခုကဲ့သို့ ပါကစ္စတန်၏ နောက်ဆုံးစစ်ဆင်ရေး ထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်ဖက်စလုံးမှ လူပေါင်း ၇၀ ကျော် သေဆုံးခဲ့သည့် အောက်တိုဘာလအတွင်းက ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားပြီးနောက်ပိုင်း ကုန်းလမ်းနယ်စပ်ဖြတ်ကျော်မှုများကို အများအားဖြင့် ပိတ်ထားခဲ့ပြီး အိမ်နီးချင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ လွန်ခဲ့သောလအနည်းငယ်အတွင်း သိသိသာသာ ဆိုးရွားလာကြောင်း သိရသည်။

**Mon**



## အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးပိုင်ငွေပြမှုပမာဏ ယခင်ကထက် ပိုမိုကျယ်ပြန့်လာနိုင်သည်ဟု ထောက်ပြ

**ဂျကာတာ ဖေဖော်ဝါရီ ၂၇**

ပို့ကုန်ကဏ္ဍတွင် ဆယ်ဂဏန်းအဆင့် ရှိသော တိုးတက်မှုနှုန်းက သွင်းကုန်မြင့်မားမှုကို ခုနှိမ်ပေးနိုင်ခဲ့ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပြမှုသည် ဇန်နဝါရီလအတွင်း၌ ယခင်လထက် ပိုမိုကျယ်ပြန့်လာဖွယ်ရှိသည်ဟု လူထုစစ်တမ်းတစ်ခုတွင်ထောက်ပြထားကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အတွင်း ရိုက်တာသတင်းဌာနက စီးပွားရေးပညာရှင် ၁၂ ဦးကို မေးမြန်းခဲ့ရာတွင် ဇန်နဝါရီလအတွက် ကုန်သွယ်ရေးပိုငွေ အလယ်အလတ်ခန့်မှန်းချက်မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ ဘီလီယံ ရှိနေသည်။ ယင်းပမာဏသည် ဒီဇင်ဘာလရှိ ၂ ဒသမ ၅၂ ဘီလီယံထက် မြင့်မားသော်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလရှိ ၃ ဒသမ ၄၅ ဘီလီယံအောက် လျော့နည်းနေသည်ကို တွေ့ရှိရသည်။

အရှေ့တောင်အာရှ၏ အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းမှ စတင်ကာ လစဉ်ကုန်သွယ်ရေးပိုငွေများ ရရှိခဲ့ပြီး ကုန်စည်ဈေးကွက် အလားအလာကောင်းမွန်ခဲ့သည့် ၂၀၂၂ ခုနှစ် ဧပြီလတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။

၂၀၂၆ ခုနှစ်၏ ပထမဆုံးလဖြစ်သော ဇန်နဝါရီလတွင် ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ၁၁ ဒသမ ၀၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သော်လည်း ဒီဇင်ဘာလရှိ ၁၁ ဒသမ ၆၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်း အနည်းငယ် နှေးကွေးသွားခဲ့ကြောင်း သိရသည်။

**Mon**



## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်အုန်းမြင့် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နိုင်နိုင်ဖံ (ဘ)ဦးကျော်ထွန်းဖံ(၁/ရကန(နိုင်)၀၄၅၅၀၂)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်နိုင်ဖံ၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင်လည်းကောင်း၊ သက်ဆိုင်ရာရုံးဌာနများတွင်လည်းကောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်နိုင်နိုင်ဖံ | ဦးသက်ထွန်းဦး(LL.B) |
| ၁/ရကန(နိုင်)၀၄၅၅၀၂ | အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈) |
| ၀၉-၂၀၀၆၆၁၅ | ဖုန်း ၀၉-၇၉၇၂၅၃၁၄၅ |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၁)၊ ဦးပိုင်အမှတ်(၁၉-က)၊ မြေဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးသန်းစိန် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နန်းရွှေအောင်(ဘ)ဦးပေါ်အိုက်ခွန်(၁၃/မဆတ(နိုင်)၀၃၂၁၉၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**

(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၄)၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သက်သက်ထွေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အမာတင်(ဘ)ဦးတင်ငြိမ်း(၅/တဆန(နိုင်)၀၉၁၃၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**

(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အလည်ဘောင်ရပ်၊ အကွက်အမှတ်(၂၀၈)၊ ဦးပိုင်အမှတ်(၃၉)အတွင်းမှ အလယ်ခြမ်းခဲစင်းပြဧရိယာ တောင်မြောက်မျက်နှာပွင့် ပေ(၂၀)၊ အနောက်ဘက်(၁၄)ပေ၊ အရှေ့အနောက် ပေ(၅၀) အကျယ်အဝန်းရှိမြေကွက် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသည့် ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်မြင့်မြင့်ကြည်နှင့် ဒေါ်နန်းထွေးတို့ထံမှ ကျွန်မ ဒေါ်ခင်မာဦးမှ (၁၅-၁၂-၂၀၂၄)ရက်က အရပ်ကတိစာချုပ် ချုပ်ဆိုပြီး လက်ရှိဝယ်ယူနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ (၁၅-၁၂-၂၀၂၄)ရက်စွဲပါ ကတိစာချုပ်တွင် စာမျက်နှာ-၂ သည် စာရွက်အလွတ်ပေါ်တွင် သဘောရိုးဖြင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၎င်းစာချုပ်နှင့်ပတ်သက်ပြီး စာမျက်နှာ-၂ အား ပြန်လည်ပြင်ဆင်ချုပ်ဆိုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ စာရွက်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီများနှင့်တကွ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ် မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| ကြေညာသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ခင်မာဦး(ဘ)ဦးတင်ဦး | ဒေါ်ကြင်ကြင်သန်း(LL.B,D.B.L,D.I.L) |
| (၉/မရတ(နိုင်)၁၀၇၉၀၀) | တရားလွှတ်တော်ရှေ့နေ |
| | အကွက်(၂၀၈)၊ သီရိမာလာအနောက်၊ |
| | အောင်မြေသာစံမြို့နယ်၊ မန္တလေး။ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်နံပါတ်(၂၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မိမိသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းလှိုင်(ဘ)ဦးတင်လှိုင်(၉/မရတ(နိုင်)၀၅၉၃၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးကံကောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝါဝါဝင်း(ဘ)ဦးတင်ဝင်း(၉/သစန(နိုင်)၀၀၁၃၂၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၅)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးညွန့်ဆွေ(ခ)ဦးမြင့်ဆွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းဝင်း(ဘ)ဦးဘိုသန်း(၉/မရတ(နိုင်)၀၈၁၅၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဦးကြည်ယံ (LL.M)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ) အကျယ်အဝန်းရှိ ဦးစိန်မြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း (၁၅ပေ×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဘောမ်ယိမ်း(ဘ)ဦးယော်ဘောမ်(၁၃/ကလတ(နိုင်)၀၃၉၁၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

**အများသိစေရန် အသိပေးကြေညာခြင်း**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ မြေကွက်သည် ကျွန်မ ဒေါ်နန်းမေလွင်ကျော် အမည်ပေါက် ဂရန်မြေကွက်ဖြစ်သည်။ အဆိုပါ မြေကွက်၏ မြေချမိန့်နှင့် ငွေသွင်းပြေစာမူရင်း(၂)စောင်မှာ ကျွန်မ ဒေါ်နန်းမေလွင်ကျော်၏ လက်ဝယ်တွင် အသိမ်းဆည်းလွန်၍ ပျောက်ဆုံးနေပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်မထံ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာရုံးများတွင် ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန်းမေလွင်ကျော်(ဘ)ဦးကျော်ညွှန့်**
**(၁၃/နဆန(နိုင်)၀၂၃၅၃၄)**

❖ မိမိတို့ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့်မဲစာရင်းများယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## လေ့ကျင့်ရာတွင် တစ်ဦးချင်းသာမက အဖွဲ့လိုက်ပါလေ့ကျင့်နိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ရန်လိုအပ်ပြီး အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်ရမည်ဆိုသည့် "မြဲ(၃)မြဲ"နှင့်အညီ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ သို့ ❖





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၂၆)ဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်းရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်းနှင့် ဓာတ်အားစနစ်ပြတ်တောက်မှု (Line Fault and System Breakdown) မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး အဆိုပါဓာတ်အားအတွက် ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

စာမျက်နှာ ၁၀ သို့ ★




## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ မဲခွဲပွဲကို ယနေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယူရိုပါလိဂ် ၁၆သင်းအဆင့်တွင် ဖီရန်ဘားရိုစ်အသင်းနှင့် ဘရာဂါအသင်း၊ ဂျန့်ခ်အသင်းနှင့် ဖရိုင်းဘတ်အသင်း၊ စတုဂတ်အသင်းနှင့် ပေါ်တိုအသင်း၊ ဘိုလော့ဂ်နာအသင်းနှင့် ရိုးမားအသင်း၊ ပါနာသီနာကို့စ်အသင်းနှင့် ဘက်တစ်အသင်း၊ နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် မစ်ဂျေးလန်အသင်း၊ ဆဲလ်တာဗီဂိုအသင်းနှင့် လိုင်ယွန်အသင်း၊ လိုင်လီအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို လာမည့် မတ် ၁၃ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဖေဖော်ဝါရီ ၂၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ဥရောပချန်ပီယံလိဂ် ၁၆သင်းအဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်း၊ ဘိုဒို ဂလင့်အသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်း၊ ပီအက်စ်ဂျီအသင်းနှင့် ချဲလ်ဆီးအသင်း၊ ဂါလာတာစာရေးအသင်းနှင့် လီဗာပူးအသင်း၊ နယူးကာဆယ်အသင်းနှင့် ဘာစီလိုနာအသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စပါးအသင်း၊ လေဗာကူဆင်အသင်းနှင့် အာဆင်နယ်အသင်း၊ အတ္တလန်တာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို လာမည့် မတ်(၁၁၊ ၁၂)ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

